# ကြေးမုံ

# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့။ Monday, 16 January 2023 ၁၀၉၈၂


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးပြုနိုင်မည်

## နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို အားပေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား ဟုမ္မလင်းမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။


ယနေ့ ဖတ်စရာ

တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)နှင့် ပထမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၃)တို့အား ထုတ်ပြန်ခြင်း စာမျက်နှာ » ၂

၂၀၂၂ ခုနှစ် တစ်နှစ်တာကာလအတွင်း ပြည်တွင်းထူးခြားဖြစ်စဉ်သတင်းများ စာမျက်နှာ » ၁၆





ချင်းတောင်ပေါ်က ကျေးလက်လမ်း

ဆောင်းပါး စာမျက်နှာ » ၂၃

ကြေးမုံ

# ယုံကြည်မှုနှင့် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မှု

မြန်မာနိုင်ငံရှိ ပြည်ထောင်စုတစ်ဝန်း တန်းတူညီတူဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်ပေးနေသည်။ မြန်မာနိုင်ငံ၌ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုရှိသည့်အနက် ချင်းပြည်နယ်နှင့်ကယားပြည်နယ်တို့သည် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးဒေသများ ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် အဆိုပါဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများတွင် သက်ဆိုင်သူများအနေဖြင့် လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်လာမှုအတွက် တည်ငြိမ်အေးချမ်းမှုနှင့်စည်းလုံးညီညွတ်မှုသည် အရေးကြီးသောအချက်ဖြစ်သည်။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက လွတ်လပ်ရေးနှင့်အတူ နယ်ချဲ့ပယောဂဖြင့် ဖြစ်ပေါ်လာသော လူမျိုးစွဲ၊ ဝါဒစွဲ၊ ယုံကြည်မှုပျက်ပြားစေသည့် အကျိုးရလဒ်များကြောင့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လာကာ ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခရှိနေသည့် ဒေသများတွင် အကျိုးဆက်များကို ယင်းဒေသမှ ပြည်သူများ တိုက်ရိုက်ခံစားနေကြရပြီး အခြားဒေသမှ ပြည်သူများအနေဖြင့်လည်း သွယ်ဝိုက်၍ ခံစားနေကြရသည်ကို တွေ့ရမည်ဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများကြောင့် လူ့အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အတားအဆီးဖြစ်စေရုံသာမက အနာဂတ်မျိုးဆက်များ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် ကဏ္ဍများ၏တိုးတက်မှုများကို နှောင့်နှေးစေသည်။ ပဋိပက္ခများကြောင့် ဒေသ၏လူမှုစီးပွားဘဝများကျဆင်းကာ ဆင်းရဲမှုနှုန်းကို မြင့်မားစေပြီး နိုင်ငံ၏အနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်သည်ကို တွေ့မြင်နိုင်သည်။ ပဋိပက္ခသံသရာတွင် ကျင်လည်နေသည့်နိုင်ငံတိုင်းအတွက် ငြိမ်းချမ်းရေးခရီးတွင် အခက်အခဲအကျပ်အတည်းများ ရှိနေစမြဲဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ဖွံ့ဖြိုးမှုနှုန်း အနိမ့်ဆုံးဖြစ်နေသော ချင်းပြည်နယ်နှင့် ကယားပြည်နယ်ကို တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်နယ်အချို့တွင် ဖြစ်ပွားနေသည့် ပဋိပက္ခအချို့ကို ဆန်းစစ်ကြည့်လျှင် ဒေသခံတိုင်းရင်းသားပြည်သူများက ဖန်တီးနေခြင်းမဟုတ်ပေ။ ဒေသအတွင်း၌ လူမျိုးရေး၊ ဝါဒရေးထက် သွေးထိုးလှုံ့ဆော်မှု၊ မယုံကြည်မှု၊ ကိုယ်ကျိုးစီးပွားရှေ့တန်းတင်မှု စသည်တို့ကို အကြောင်းခံသည့် အဖွဲ့အစည်းအချို့က ဖန်တီးနေသည်ကို တွေ့ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ တိုင်းရင်းသားညီအစ်ကို အချင်းချင်းဖြစ်သည်ဟူသောစိတ်ထားဖြင့် ငြိမ်းချမ်းရေးကို ရှေးရှုဖော်ဆောင်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ၏ အနာဂတ်ကို ထည့်သွင်းစဉ်းစားကြရမည်ဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းကြရမည်ဖြစ်သည်။

ပဋိပက္ခများတွင် ပါဝင်ပတ်သက်နေသူများအနေဖြင့် ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသည့်ဆန္ဒ၊ နည်းလမ်းမှန်ကန်မှု၊ စိတ်ရှည်သည်းခံမှု၊ ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းလိုမှု၊ တစိုက်မတ်မတ် ကြိုးစားအားထုတ်မှုရှိမှသာ ငြိမ်းချမ်းရေး အတွက် ခရီးပေါက်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးသည် သက်ဆိုင်သူများသာမက ဒေသခံတိုင်းရင်းသားပြည်သူများအတွက်ပါ အကျိုးများသောလုပ်ငန်းစဉ်ဖြစ်သည်။ ငြိမ်းချမ်းရေး၏အကျိုးရလဒ်များကို သက်ဆိုင်သူများရော ဒေသခံပြည်သူများပါ ရရှိခံစားနိုင်ပေသည်။ လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းနည်းသည် မည်သည့်အခါတွင်မျှ အောင်မြင်မှုမရနိုင်သောလုပ်ငန်းဖြစ်သည်ကို နိုင်ငံများ၏ဖြစ်စဉ်များက သက်သေပြထားပြီးဖြစ်ပေသည်။ လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းနေသရွေ့ အဆုံးသံသရာတွင် ကျင်လည်နေရမည်ဖြစ်သည်။

“ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် နိုင်ငံရေး၏ အစိတ်အပိုင်းတစ်ခု ဖြစ်သော်လည်း နိုင်ငံရေး၏ လက်နက်တစ်ခုမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးနှင့် အမျိုးသားအကျိုးစီးပွားအတွက် အဓိကဦးတည်လုပ်ဆောင်ပါမှသာ အနာဂတ်နိုင်ငံ တည်ဆောက်ရေးကို အထောက်အကူပြုဖြစ်စေမည်” ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့သို့ ပေးပို့သည့်သဝဏ်လွှာတွင် ဖော်ပြထားသည်။ တိုးတက်မှုများရှိနေသည့် ငြိမ်းချမ်းရေး လမ်းစများအပေါ် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် သက်ဆိုင်သူအားလုံးက နိုင်ငံတော်နှင့် ပြည်သူအကျိုးကိုရှေးရှုပြီး အပြုသဘောဖြင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းရေးကို ပိုမိုခရီးရောက် အောင်မြင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံကောင်းများ ပွားများထွန်းကားအောင် ကြိုးပမ်းဆောင်ရွက်ပြီး အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများကို တည်ဆောက်ကြကာ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုတို့ကို အမြင်ကြည်လင်စွာဖြင့် အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

THE REPUBLIC OF THE UNION OF MYANMAR
THE SUPREME COURT Of THE UNION

သတင်းထုတ်ပြန်ချက်

## တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)နှင့် ပထမနှစ်မဟာဗျူဟာလုပ်ငန်းအစီအစဉ် (၂၀၂၃) တို့အား ထုတ်ပြန်ခြင်း

နေပြည်တော် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က “တရားမျှတမှုရရှိစေရေး အားလုံးပါဝင်ဆောင်ရွက်ပေး (Providing Justice By All)” ဟူသော ဆောင်ပုဒ်ဖြင့် ရေးဆွဲထားသည့် မြန်မာ့တရားစီရင်ရေး၏ ငါးနှစ်တာတရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)နှင့် ပထမနှစ်မဟာဗျူဟာလုပ်ငန်း အစီအစဉ် (၂၀၂၃) (Year One Action Plan – 2023) အား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယနေ့ထုတ်ပြန်လိုက်သည်။

တရားစီရင်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အဖြစ် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်းများကို ၂၀၁၅ ခုနှစ်မှစတင်၍ သုံးနှစ်တာမဟာဗျူဟာစီမံကိန်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးနောက် ဒုတိယမြောက်မဟာဗျူဟာလုပ်ငန်းအစီအစဉ်ကို ငါးနှစ်တာကာလအတွက် ၂၀၁၈ ခုနှစ်မှစတင်၍ ၂၀၂၂ ခုနှစ်အထိ ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ မြန်မာ့တရားစီရင်ရေး၏ ယခုရေးဆွဲထုတ်ပြန်လိုက်သည့် တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) သည် တတိယမြောက်စီမံကိန်းဖြစ်ပြီး အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုမပါဝင်ဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံကိန်းရေးဆွဲရေးအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များမှ တာဝန်ရှိသူများအကြား အပြန်ပြန်အလှန်လှန် ဆွေးနွေးညှိနှိုင်းပြီးနောက် ယခုကဲ့သို့ အောင်မြင်စွာ ထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ငါးနှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်းတွင် ယခင်ငါးနှစ်တာစီမံကိန်းအပေါ် အကဲဖြတ်သုံးသပ်ခြင်းနှင့် အဆိုပါစီမံကိန်း၏ ကနဦးနှစ်ဖြစ်သည့် ၂၀၂၃ ခုနှစ်အတွက် ပထမနှစ်မဟာဗျူဟာလုပ်ငန်း အစီအစဉ်ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အင်တာနက်စာမျက်နှာ www.unionsupremecourt.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။




## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၅

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

မိုး/ဇလ

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

### စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဟုမ္မလင်းခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးမှုများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှချေးငွေများ ထုတ်ပေးမှုနှင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ One Village One Product ထုတ်လုပ်နိုင်ရေး ဒေသအလိုက် ထုတ်ကုန်အမယ် သတ်မှတ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု စသည့် အခြေအနေများကို လည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲဝင်းက ဟုမ္မလင်းခရိုင်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် စီမံကိန်းလုပ်ငန်းဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလင်းနိုင်အေးက နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာများကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညီညီဇော်က ချင်းတွင်းတံတား(ထမံသီ) စီမံကိန်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များဖြစ်သည့် NTT သစ်ပါးလွှာစက်ရုံမှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်ရန်၊ လက်ဖက်လုပ်ငန်းရှင် ဒေါ်ခင်နှင်းခိုင်၊ ငါးခြောက်လုပ်ငန်းရှင် ဦးစိန်လွင်နှင့် ရော်ဘာလုပ်ငန်းရှင် ဦးကျော်စွာလွင်တို့က သစ်ပါးလွှာစက်ရုံအတွက် လိုအပ်သည့် ကုန်ကြမ်းများရရှိရေး သစ်စိုက်ခင်းများကို စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက်လည်း ဆောင်ရွက်ပေးနိုင်မှု၊ ထွက်ရှိလာသည့် သစ်ပါးလွှာများကို မြန်မာနိုင်ငံအလယ်ပိုင်းရှိ မြို့ကြီးများသို့ ပို့ဆောင်၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်လျက်ရှိမှု၊ ကုန်ကြမ်းလိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဆိုပါက ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပြည်ပပို့ကုန်ကိုလည်း မြှင့်တင်နိုင်မည်ဖြစ်သည့်အတွက် လိုအပ်ချက်များကို နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဟုမ္မလင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူများ အနေဖြင့် လက်ဖက်လုပ်ငန်းကို လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကပင် လုပ်ကိုင်ခဲ့ကြပြီး လက်ရှိအချိန်တွင် လုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ ဒေသထွက် လက်ဖက်လုပ်ငန်းများ၏ဈေးကွက်ရရှိမှု၊ ရေရှည်တည်တံ့စေရေးနှင့် လုပ်ငန်းတိုးချဲ့နိုင်ရေးအတွက် နိုင်ငံတော်မှ ငွေကြေးအရင်းအနှီးများ မတည်ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းထွက်ရှိသည့် ငါးများကို ငါးခြောက်၊ ငါးကျပ်တင်ခြင်းလုပ်ငန်းကို မိရိုးဖလာစီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိမှု၊ ဒေသတွင်း အင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အောင်မြင်ရေးအတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးနေမှုများကို ဒေသခံလုပ်ငန်းရှင်များမှ အထူးပင်ကျေးဇူးတင်ရှိမှု၊ ဟုမ္မလင်းဒေသအတွင်း ၂၀၀၅ ခုနှစ်မှစတင်၍ ရော်ဘာလုပ်ငန်းများကိုဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် လုပ်ငန်းတိုးတက်ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို တင်ပြဆွေးနွေးကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်သည့် အရင်းအနှီးများ ထုတ်ချေးပေးလျက်ရှိမှုနှင့် ချေးငွေရယူလိုသည့် လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ဘဏ်များနှင့် ချိတ်ဆက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ရယူသွားရန်လိုအပ်မှု၊ ချေးငွေရယူပြီးပါက လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်သွားရန် လိုအပ်မှု၊ MSME လုပ်ငန်းများအတွက် လိုအပ်သည့် ချေးငွေများကို နိုင်ငံတော်မှ သင့်တင့်သည့် အတိုးနှုန်းများဖြင့် ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးပွားရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီးများကို မြစိမ်းရောင်စီမံကိန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ ဟုမ္မလင်းခရိုင်အတွင်း လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးထားမှုနှင့် လျှပ်စစ်မီးရရှိခြင်းမရှိသေးသည့် ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်လျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးပြောကြားကြသည်။

### နိုင်ငံတော်၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဟုမ္မလင်းဒေသသည် ယခင်ကထက်များစွာ တိုးတက် ပြောင်းလဲလာသည်ကို တွေ့ရသည့်အတွက် မိမိအနေဖြင့် များစွာဝမ်းသာမိပါကြောင်း၊ မိမိအနေဖြင့် ဟုမ္မလင်းဒေသအတွင်း တာဝန်ထမ်းဆောင်ခဲ့စဉ် ဒေသ၏ အဓိက လိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့တွင်လည်း နာဂရိုးရာနှစ်သစ်ကူးပွဲတော် တက်ရောက်ချီးမြှင့်ပေးနိုင်ရေးဖိတ်ကြားခဲ့သည့်အတွက် ဟုမ္မလင်းဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်းဖြင့် ဦးစွာပြောကြားပြီး နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် နိုင်ငံတော်၏တာဝန်များကိုဥပဒေနှင့်အညီထမ်းဆောင်ခဲ့ရသည့် အခြေအနေများ၊ အကြမ်းဖက်မှု ဖြစ်စဉ်ဖြစ်ရပ်များ လျော့ပါးစေရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊

စာမျက်နှာ ၄ သို့ ☆

✰ စာမျက်နှာ ၃ မှ
နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်**

ဆက်လက်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးပြောကြားရာတွင် ဟုမ္မလင်းဒေသသည် ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် လက်ဖက်၊ ရော်ဘာစိုက်ပျိုးခြင်းများကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဒေသတွင်း၌ မြေပဲ၊ နှမ်း၊ ဆီမုန်ညင်းတို့လည်း စိုက်ပျိုးကြကြောင်း၊ ဝါးသယံဇာတနှင့် ကြိမ်များလည်း ထွက်ရှိကြောင်း၊ ရွှေ အပါအဝင် သဘာဝမှ ပေးအပ်ထားသည့် သယံဇာတအရင်းအမြစ်များစွာ ကြွယ်ဝသည့် ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များလည်း ထွက်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အဓိက လိုအပ်သည့် လျှပ်စစ်စွမ်းအားရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

လူအများစု လုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဟုမ္မလင်းဒေသတွင် ဒေသတွင်းသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းရှိပြည်သူများ၏ ဝင်ငွေသည်လည်း များစွာတိုးတက်လာမည်ဖြစ်သကဲ့သို့ လူမှုစီးပွားဘဝသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ ဟုမ္မလင်းဒေသ၌ အရည်အသွေးကောင်းမွန်သည့် ဆန်နှင့် အခြားစိုက်ပျိုးရေးထုတ်ကုန်များ ထွက်ရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်း စိုက်ပျိုးရေးထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သုံးရေရရှိရေးကိုလည်း ချင်းတွင်းမြစ်မှ မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်၍ ရနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုး၊ မြေ၊ ရေ၊ နည်းပညာ ဟူ၍ ရှိပြီး မျိုးကောင်းမျိုးသန့်ရရှိရန်၊ မြေကို နည်းစနစ်တကျ ပြုပြင်အသုံးပြုရန်၊ စိုက်ပျိုးရေ ဖူလုံစွာရရှိရန်၊ မှန်ကန်သည့် စိုက်နည်းစနစ်ရှိရန်နှင့် သွင်းအားစုများကို မှန်မှန်ကန်ကန်ဖြင့် ထည့်သွင်းအသုံးပြုရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် ရော်ဘာစိုက်ပျိုးမှုများကို တိုးမြှင့်ဆောင်ရွက်ကြရန်လိုပြီး နိုင်ငံ၏ ရော်ဘာထုတ်ကုန်ပစ္စည်းလိုအပ်ချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပတ်သက်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံနှင့်အဝှမ်း စိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများနှင့် သိပ္ပံများဖွင့်လှစ်၍ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်း စီးပွားရေးလုပ်ငန်းများကို အဓိကထား အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**သွင်းအားစု၊ အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် သွင်းအားစု၊ အရင်းအနှီး၊ နည်းပညာနှင့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သွင်းအားစုများဖြစ်သည့် မြေဩဇာ အခက်အခဲ၊ လျှပ်စစ်စွမ်းအား အခက်အခဲများကို နည်းလမ်းအမျိုးမျိုးဖြင့် ကျော်လွှားနိုင်သည်ဖြစ်သော်လည်း စက်သုံးဆီ ဈေးနှုန်းကြီးမြင့်မှုကို မိမိတို့အနေဖြင့် အခြားနိုင်ငံများ နည်းတူရင်ဆိုင်ရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် မော်တော်ယာဉ်တစ်သန်းကျော်၊ မော်တော်ဆိုင်ကယ် ခြောက်သန်းကျော်ခန့်ရှိပြီး နေ့စဉ်စက်သုံးဆီ ဂါလန်ပေါင်းများစွာ သုံးစွဲလျက်ရှိကြောင်း၊ ထို့ကြောင့် တတ်နိုင်သရွေ့ လောင်စာဆီ ချွေတာသုံးစွဲရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အရင်းအနှီးနှင့် ပတ်သက်၍ နိုင်ငံတော်မှ လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးလျက်ရှိပြီး ချေးငွေတွင် Developing ချေးငွေနှင့် Commercial ချေးငွေ ဟူ၍ ရှိကြောင်းနှင့် ချေးငွေအမျိုးအစားအလိုက် အတိုးနှုန်းများ ကွာခြားသွားမည်ဖြစ်ကြောင်း။

လူသားအရင်းအမြစ်ကောင်းများရရှိရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏ လူဦးရေ ၅၀ ရာခိုင်နှုန်းခန့်သည် အလယ်တန်းပညာ အရည်အချင်းအောက်၌သာရှိကြောင်း၊ ၂၅ နှစ်အထက်လူဦးရေ ၈ ရာခိုင်နှုန်းခန့်သည် စာလုံးဝ တတ်မြောက်ခြင်း မရှိသည်ကို စာရင်းဇယား အချက်အလက်များအရ တွေ့ရှိရကြောင်း၊ အတန်းပညာ တတ်မြောက်မှသာလျှင် အတတ်ပညာများကို ဆက်လက်သင်ယူနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်ရန်နှင့် ပညာသင်ကြားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို ဖွင့်လှစ်ပေးပြီးဖြစ်သဖြင့် ကျောင်းတက်ရောက်ရန် အားပေးဆောင်ရွက်ကြစေလိုပြီး ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သည် တစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုဖြင့်သာ သက်ဆိုင်သည်ဖြစ်သဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကို အားပေးမှသာလျှင် ဒေသနှင့်နိုင်ငံ၏ လူသားအရင်းအမြစ်များသည်လည်း ပေါကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်ဦးတစ်ယောက်ချင်းမှစ၍ ပညာရေးကို အလေးထားအားပေးဆောင်ရွက်ကြစေလိုကြောင်း။

**ဒေသ၏ ရှိရင်းစွဲအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချရန်နှင့် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းပေးသွားမည်**

မိမိအနေဖြင့် ဒေသတွင်းကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသတွင်း လည်ပတ်ရင်းနှီးငွေများစွာရှိခြင်းသည် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး နိုင်ငံ့စီးပွားရေးမြင့်တက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသ၏ ရှိရင်းစွဲအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချကြစေလိုကြောင်းနှင့် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် သယံဇာတတွင်းထွက်ထုတ်ကုန်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

**❖ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်**

**❖ ဟုမ္မလင်းဒေသတွင် ဒေသတွင်းသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဧကအထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းရှိပြည်သူများ၏ ဝင်ငွေသည်လည်း များစွာတိုးတက်လာမည်**

**❖ အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို ဖွင့်လှစ်ပေးပြီးဖြစ်သဖြင့် ကျောင်းတက်ရောက်ရန် အားပေးဆောင်ရွက်ကြစေလို**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၁၅**

နာဂရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့် လဟယ်မြို့သို့ရောက်ရှိကြရာ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ နာဂတိုင်းရင်းသား မျိုးနွယ်စုများက ရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာ ခရီးဦးကြိုနှုတ်ဆက်ကြသည်။

**ရိုးရာကွင်းသို့ရောက်ရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနား ကျင်းပမည့် လဟယ်မြို့ ရိုးရာကွင်းသို့ရောက်ရှိ နေရာယူကြသည်။

အဆိုပါ နာဂရိုးရာနှစ်သစ်ကူး ပွဲတော်အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဒေါက်တာ ညွှန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီ (ဗဟို) နာယက ဦးမောင်ညာဏ်နှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ နာဂမျိုးနွယ်စု တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၊ နာဂတိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ အစီအစဉ်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၂၀၂၃ ခုနှစ် နာဂရိုးရာနှစ်သစ်ကူး ပွဲတော်သို့ ယခုကဲ့သို့ကိုယ်တိုင် တက်ရောက်ခွင့်ရသည့်အတွက် လွန်စွာ ဝမ်းမြောက်ဂုဏ်ယူကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း၊ မင်္ဂလာရှိလှသည့် နာဂလူမျိုးတို့၏ နှစ်သစ်ကူးပွဲတော်၌ နာဂဒေသအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများနှင့် မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများသည် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ မတူကွဲပြားကြသော်လည်း တိုင်းရင်းသားလူမျိုးများအားလုံး မိသားစုစိတ်ဓာတ် မွေးမြူပြီး တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားပြီး လေးစားမှုဖြင့် အတူတကွ နေထိုင်ခဲ့ကြပါကြောင်း၊ မွေးဖွားရာ ဇာတိ၊ နေထိုင်ရာအရပ်ဒေသ ပြောဆိုသုံးနှုန်းသည့် စာပေ၊ စကား၊ ကိုးကွယ်ယုံကြည်သည့် ဘာသာ၊ လိုက်နာကျင့်သုံးသည့် ဓလေ့ထုံးတမ်း အစဉ်အလာများ မည်ကဲ့သို့ပင် ကွဲပြားစေကာမူ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်အေးအတူပူအမျှ စည်းလုံးညီညွတ်စွာဖြင့် ဆွေမျိုးသားချင်း ညီအစ်ကို မောင်နှမများပမာ လက်တွဲ နေထိုင်ခဲ့ကြပါကြောင်း၊ နာဂလူမျိုးဆိုသည်မှာလည်း နာဂတိုင်းရင်းသားတို့၏ မျိုးနွယ်စုတစ်ခုချင်းစီတို့၏ လူမျိုး၊ ဇာတိ၊ ဘာသာ အယူဝါဒ၊ ယုံကြည်ကိုးကွယ်မှုတို့နှင့် မသက်ဆိုင်ဘဲ အားလုံးသော နာဂမျိုးနွယ်များ၊ မျိုးနွယ်စုများ၊

စာမျက်နှာ ၆ သို့ ✻




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးပေါင်ခု က နှစ်သစ်ကူးအမှတ်တရလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

☆ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် နာဂတိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အနေဖြင့် စည်းလုံးညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်

☆ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉) ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးရေးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ နာဂတိုင်းရင်းသူ၊ တိုင်းရင်းသားများ၏ မျိုးနွယ်စုအကများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

✻ စာမျက်နှာ ၅ မှ
မိသားစု အနွယ်တူများအားလုံးကို ပေါင်းစည်း ဆိုလိုခြင်းပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် နာဂတိုင်းရင်းသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်းများနှင့်အတူ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း၊ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းရင်းသား လူမျိုးများ၏ ယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများ တိမ်ကောပပျောက်မှု မရှိအောင် အလေးထားထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းလိုပါကြောင်း။

မိမိတို့ အစိုးရအဖွဲ့အနေဖြင့် နိုင်ငံ့တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းနှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးရေးကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုကြီး တစ်ခုလုံးဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရန်အတွက်ဆိုပါက နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ်၌ ပြည်သူများအနေဖြင့်လည်း မိမိတို့ကျရာအခန်းကဏ္ဍမှ အစိုးရအဖွဲ့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ **တည်ငြိမ်အေးချမ်းပြီးဖြစ်သည့် နာဂဒေသကို ယခုထက်ပိုမို တည်ငြိမ်အေးချမ်းအောင် နာဂဒေသတွင်ရှိသည့် တိုင်းရင်းသားအားလုံး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အားကစားပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂရိုးရာတိုင်းရင်းသား အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အခြေခံမူများဖြစ်သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်လျက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး

တောင်ပေါ်ဒေသ တစ်ခုဖြစ်သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင်လည်း မိမိတို့ပြည်ထောင်စုအစိုးရ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့တို့နှင့်အတူ တိုင်းရင်းသားပြည်သူလူထုများက တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင်လည်း တစ်ဦးချင်းစီ တာဝန်ယူတတ်သည့် စိတ်ဓာတ်များ မွေးမြူပြီး စေတနာအပြည့်ဖြင့် ဆောင်ရွက်ကြရန်လည်း လိုအပ်ပါကြောင်း၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍများ၌လည်း ဘက်စုံဖွံ့ဖြိုး တိုးတက်ရန်အတွက် လာရောက် တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း စေတနာ၊ မေတ္တာအပြည့်ဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ လူမှု၊ စီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ငွေကျပ်ငါးဘီလီယံ မတည်ထောက်ပံ့ပေးမှုများအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် ပြည်သူလူထု၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အကျိုးရှိရှိ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်များ၏ လမ်းပန်းဆက်သွယ်ရေးသည် ယခင်ကထက်ပိုမိုကောင်းမွန်ပြီး မြို့ရွာများ ဖွံ့ဖြိုးတိုးတက်နေကြောင်း သိရှိရသည့်အတွက် သက်ဆိုင်ရာဌာနများ၏ ကြိုးပမ်းအားထုတ်မှုကို အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် နာဂဒေသ၏ လမ်းပန်းဆက်သွယ်ရေး အပါအဝင် ကဏ္ဍအားလုံးကို ယခုထက် ပိုမိုမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် နာဂတိုင်းရင်းသားများ၏ ပညာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများ အချိုးညီညီဖွံ့ဖြိုးတိုးတက်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ယခုအချိန်သည် နာဂတိုင်းရင်းသားလူမျိုးများ၏ နှစ်သစ်ကူးအချိန်ကာလဖြစ်ပြီး အလွန်မင်္ဂလာရှိလှသည့် နှစ်သစ်ကူးကာလတွင် နာဂတိုင်းရင်းသူ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသား **စာမျက်နှာ ၇ သို့** ✻

✻ စာမျက်နှာ ၆ မှ
ညီအစ်ကို မောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းအား နာဂတိုင်းရင်းသူ အိကျန်ထွေညူ က အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးပေါင်ခု က နှစ်သစ်ကူး အမှတ်တရ လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပစ္စည်းများ၊ စိုက်ပျိုးရေးအထောက်အကူပြုပစ္စည်းများ၊ အားကစားပစ္စည်းများနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများကို ပေးအပ်ရာ နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ဗဟို) နာယက ဦးမောင်ညာဏ်နှင့်အဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နာဂရိုးရာနှစ်သစ်ကူးပွဲတော်အတွက် ထောက်ပံ့ငွေကျပ်သိန်းတစ်ထောင်ကို ပေးအပ်ရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နာဂတိုင်းရင်းသူ၊ တိုင်းရင်းသားများ၏ ခမ်ညူငမ်မျိုးနွယ်စုအက၊ လိုင်းနောင်မျိုးနွယ်စု အက၊ မကျန်ပေါင်းညွှမ်မျိုးနွယ်စု အက၊ ကွန်ညှပ်မျိုးနွယ်စု အက၊ ဂုဏ်ဝမ်ပုံညိုမျိုးနွယ်စု အက၊ ပြည်ထောင်စု၏ ထာဝရအလှများသီချင်းစသည်တို့ဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး တည်ခင်းဧည့်ခံသည့် ရိုးရာအစားအစာများကို သုံးဆောင်ကြသည်။

သီဆိုကပြဖျော်ဖြေမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နာဂရိုးရာတိုင်းရင်းသားအကအဖွဲ့များအား ဂုဏ်ပြုပြန်ခြင်းနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နာဂရိုးရာပြခန်းများအတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ နာဂရိုးရာပြခန်းများအတွင်း လှည့်လည်ကြည့်ရှုစဉ်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နာဂရိုးရာယဉ်ကျေးမှုမီးပုံပွဲသို့ တက်ရောက်ပြီး ဒေသခံ တိုင်းရင်းသားများနှင့် အတူတကွ ပါဝင်ဆင်နွှဲသည်။ ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် လဟယ်မြို့နယ် နာဂရိုးရာယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌတို့သည် နာဂရိုးရာယဉ်ကျေးမှုမီးပုံပွဲကို မီးထွန်းညှိဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နာဂရိုးရာအကအလှများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး အတူတကွ ပါဝင်ဆင်နွှဲခဲ့သည်။

ထို့နောက် နာဂမျိုးနွယ်စုအကအဖွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုပြန်ခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများကိုယ်စား ကောင်စီဝင် Jeng Phang နော်တောင် က ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း အသီးသီး ပေးအပ်ကြရာ နာဂမျိုးနွယ်စုအကအဖွဲ့များကိုယ်စား တာဝန်ရှိသူများက လက်ခံရယူကြသည်။

ငှင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရိုးရာအကအလှအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများအား ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နာဂရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများ၊ ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ နာဂရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်၍ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန်၊ နာဂတိုင်းရင်းသားလူမျိုးစုများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုရရှိလာနိုင်စေရန်၊ နာဂဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နာဂတိုင်းရင်းသားများ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားနိုင်ရန်နှင့် နာဂမျိုးနွယ်စုအချင်းချင်း ရင်းနှီးချစ်ကြည်မှုကို အခြေခံ၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ကာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယခင်က မြို့နယ်တစ်ခုချင်းစီအလိုက် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သော်လည်း ၁၉၉၂ ခုနှစ်မှစပြီး နာဂဒေသရှိမြို့နယ်များအတွင်း အလှည့်ကျကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ နာဂရိုးရာပွဲတော်သို့ ပြည်တွင်း၊ ပြည်ပမှ ခရီးသွား ဧည့်သည်များသည်လည်း စိတ်ဝင်တစားဖြင့် လာရောက်ကြည့်ရှုလေ့လာကြပြီး မီးပုံပွဲများတွင်လည်း ပျော်ရွှင်စွာဖြင့်အတူတကွ ပါဝင်ဆင်နွှဲလေ့ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ နာဂရိုးရာယဉ်ကျေးမှု မီးပုံပွဲကို ကြည့်ရှုအားပေးစဉ်။

**☆ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ၌လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက် လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ အနေဖြင့်လည်း စေတနာ၊ မေတ္တာအပြည့်ဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ လူမှု၊ စီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရမည်**

**☆ မိမိတို့အစိုးရအဖွဲ့အနေဖြင့် နာဂဒေသ၏ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ကဏ္ဍအားလုံးကို ယခုထက် ပိုမိုမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူတစ်ဦးအား ဂုဏ်ထူးဆောင်လက်မှတ်နှင့်ဆုများ ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူတစ်ဦးအား ဂုဏ်ထူးဆောင်လက်မှတ်နှင့်ဆုများ ပေးအပ်ချီးမြှင့်စဉ်။

❖ ကျောဖုံးမှ

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ မိန့်ခွန်းမြွက်ကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးတို့က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်အဆင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသူများကို ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း၊ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းများချီးမြှင့်ခြင်း၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထူးချွန်ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သော သင်တန်းများနှင့် တိုင်းနှင့်ပြည်နယ် အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများကို ချီးမြှင့်ကြရာ ဆုရရှိသူများက လက်ခံရယူကြသည်။

### ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အခမ်းအနားသို့တက်ရောက်လာကြသည့် သဘာပတိများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် လူထုအခမ်းအနားသို့ တက်ရောက်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲနှင့် ဧည့်ခံဖျော်ဖြေပွဲကို ညနေ ၆ နာရီတွင် ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းရင်းသားရိုးရာအကအဖွဲ့၊ တေးဂီတအဖွဲ့တို့က တိုင်းရင်းသားအကများ တေးသံသာများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများထံသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က လက်ဆောင်ပစ္စည်းများကို နေရာအရောက်ပေးအပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က တိုင်းရင်းသားရိုးရာအကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က တိုင်းရင်းသား အကအဖွဲ့များ၊ တီးဝိုင်းအဖွဲ့များနှင့် တူယှဉ်နွဲ့ပျော်ဂီတပွဲတော်သို့ သွားရောက်ယှဉ်ပြိုင်သီဆိုခဲ့သည့် အဆိုရှင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကချီးမြှင့်သည့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၅**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့ခံပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို တစ်ဦးချင်းချီးမြှင့်အပ်နှင်းခဲ့သည်။

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းခြင်း အခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံရယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များအား နေပြည်တော်ကောင်စီအပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ လက်ခံရယူမည့် ကာယကံရှင်မိသားစုဝင်များထံသို့ သွားရောက်ချီးမြှင့် အပ်နှင်းပေးလျက်ရှိသည်။

ထိုသို့ ချီးမြှင့်အပ်နှင်းပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးစန်းမောင်(ငြိမ်း)(ကွယ်လွန်)ကိုယ်စား သမီးဖြစ်သူ ဒေါ်ကြည်ကြည်စန်းမောင်၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာမ ဒေါ်နုယဉ်ကိုယ်စား သမီးဖြစ်သူ ဒေါ်စိုးငြိမ်း၊ သိပ္ပကျော်စွာဘွဲ့ရရှိသူ စာရေးဆရာ ဦးအုန်းဖေကိုယ်စား သမီးဖြစ်သူ ဒေါ်ငွေရီ၊ စည်သူဘွဲ့ရရှိသူ နိုင်ငံတော်ကောင်စီဝင် ဦးသာကျော်(ကွယ်လွန်)ကိုယ်စား သားဖြစ်သူ ဦးစံသိန်း၊ နိုင်ငံတော်ကောင်စီဝင် ဦးအုန်းကြည်(ကွယ်လွန်)ကိုယ်စား သမီးဖြစ်သူ ဒေါ်ခင်ထားနီ၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာမ ဒေါ်ခင်ဆွေဦး(ကွယ်လွန်) ကိုယ်စား မြေးဖြစ်သူ လပြည့်ငြိမ်းချမ်း၊ သီရိပျံချီဘွဲ့ရရှိသူ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ထွန်းကျော်(ငြိမ်း)(ကွယ်လွန်)ကိုယ်စား သမီးဖြစ်သူ ဒေါ်စန်းစန်းမြင့်၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ အမှတ်(၂) စက်မှုဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး သန်းညွန့်(ငြိမ်း)ကိုယ်စား သားဖြစ်သူ ဦးစိုးညွန့်နိုင်၊ သီရိပျံချီဘွဲ့ရရှိသူ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မြသင်း(ငြိမ်း) (ကွယ်လွန်) ကိုယ်စား ဇနီးဖြစ်သူ ဒေါ်မေညွန့်ရီ၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဗိုလ်ချုပ်လှဦး(ငြိမ်း)ကိုယ်စား သမီးဖြစ်သူ ဒေါ်နှင်းမာလာဦးတို့ကို ဂုဏ်ထူးဆောင်ဘွဲ့များအား ၎င်းတို့၏နေအိမ်များသို့ သွားရောက်၍ လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာမ ဒေါ်နုယဉ်ကိုယ်စား သမီးဖြစ်သူ ဒေါ်စိုးငြိမ်း ထံ ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း အလင်္ကာကျော်စွာဘွဲ့ရရှိသူ စာရေးဆရာမဒေါ်ခင်ဆွေဦး(ကွယ်လွန်)ကိုယ်စား မြေးဖြစ်သူ လပြည့်ငြိမ်းချမ်း ထံ ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ကယားပြည်နယ်အတွင်းရှိ ပြည်သူများနှင့် တွေ့ဆုံ၊ ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

လွိုင်ကော် ဇန်နဝါရီ ၁၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် ယမန်နေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ကယားပြည်နယ်ခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဦးစောထွန်းအောင်မြင့်တို့က နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဆိုလာပစ္စည်းများကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဆေးပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးတို့က လက်ခံရယူကြသည်။

ထို့နောက် ဒေသခံပြည်သူများက လွိုင်ကော်မြို့အတွင်း တိုးမြှင့် ဆောင်ရွက်ပေးစေလိုသည့် တံတားများနှင့် လမ်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များကိုတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် လက်ရှိ ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ထပ်မံဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသော ပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ကယားပြည်နယ်အတွင်းရှိ ပြည်သူများနှင့်တွေ့ဆုံပွဲ ကျင်းပစဉ်။

ဆက်လက်၍ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို လွိုင်ကော်မြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးစောထွန်းအောင်မြင့်၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်တို့က (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ ဌာနဆိုင်ရာများအလိုက် ပြသထားရှိသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဆောင်ရွက်ချက်များ၊ ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ချက်များ၊ ပြည်နယ်အတွင်း MSME လုပ်ငန်းများနှင့် နိုင်ငံတော်မတည်ငွေဖြင့် စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသော လုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ၊ နိုင်ငံ့စီးပွားနှင့် ပြည်နယ်အတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝကို အထောက်အကူ ပြုနေသည့် လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ တိုးတက် ဆောင်ရွက်မှုများ၊ ပြည်နယ်၏ အနာဂတ်ခရီးသွားလုပ်ငန်းကို အထောက်အကူပြုသည့် ပြည်နယ်အတွင်းရှိ အထင်ကရနေရာ မှတ်တမ်းများကို ကဏ္ဍစုံလင်စွာဖြင့် ခင်းကျင်းပြသထားပြီး ပြခန်းများကို ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက် အထိ လွိုင်ကော်မြို့နယ် ခန်းမ၌ ပြည်သူများ လာရောက်လေ့လာနိုင်ရန်အတွက် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်တို့က (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပြခန်းမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

## မိုင်းတုံမြို့နယ်၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မိုင်းတုံ ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာကွမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေများဖြင့် ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်၊ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် တာကွမ်ကျေးရွာတွင် အလျားပေ ၅၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

တာကွမ်ကျေးရွာတွင် အဆိုပါလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၆၅ သန်းကို အသုံးပြုကာ ဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၂ ခုနှစ် မေလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၂၂



## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ကယားပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေနှင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၃ ရက် ညနေပိုင်းတွင် ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိရာ ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးသန့်ဇင်က ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပြီးနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကယားပြည်နယ် ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးက သင်တန်းကျောင်းများဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့မှ ဝန်ထမ်းများကို လိုအပ်သည်များ မှာကြား၍ ရုံးဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။



### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(လွိုင်ကော်)သို့ သွားရောက်၍ ကျောင်းဝင်းအတွင်းရှိ သင်တန်းခန်းမများ၊ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများ၊ အိပ်ဆောင်များ၊ စားရိပ်သာများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(လွိုင်ကော်)သို့ ရောက်ရှိခဲ့ပြီး ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြား၍ ထောက်ပံ့ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် သာယာကုန်း-ရေကျော်-ခွေးလှော်ဖော်-နတ်ကျွန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

ဘားအံ ဇန်နဝါရီ ၁၅

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝေပုံမြကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော သာယာကုန်း-ရေကျော်-ခွေးလှော်ဖော်-နတ်ကျွန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲက အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။

### ပြောကြား

လမ်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းများကို နှစ်စဉ်အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက် လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များကို အသုံးပြု၍ အမြန်ဆုံးဆက်သွယ်သွားလာနိုင်ကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦဖြစ်သည့် လမ်း၊ တံတားများကို ဝိုင်းဝန်းထိန်းသိမ်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစောကျော်ဝင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးလက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ပြည်နယ်ညွှန်ကြားရေးမှူးက လမ်းဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက သာယာကုန်း-ရေကျော်-ခွေးလှော်ဖော်-နတ်ကျွန်းလမ်း ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအား ကြည့်ရှုစစ်ဆေးခဲ့ကာ လမ်းဖွင့်ပွဲသို့ တက်ရောက်လာသော ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



ပြည်နယ်(ပြန်/ဆက်)

## ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် လားရှိုးမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

လားရှိုး ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းသည် လားရှိုးမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်များနှင့် တွေ့ဆုံပွဲကို ဇန်နဝါရီ ၁၄ ရက် ညနေ ၃ နာရီက လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွဲ (ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမျိုးကျော်က ဒေသဆိုင်ရာ အချက်အလက်များဖြစ်သည့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်စကားပြောကြားရာ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် မိမိတို့အစိုးရအဖွဲ့သည် ခရိုင်အားလုံးနှင့် တွေ့ဆုံရန် လမ်းညွှန်မှုပြုခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းလိုအပ်ချက်များ ပူးပေါင်းဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း၊ ဌာနဆိုင်ရာကားများကို လာမည့်




မတ် ၃၁ ရက် နောက်ဆုံးထား၍ ဖောင်းကြွနံပါတ်ပြားများ ဆောင်ရွက်ပေးရန်၊ လမ်းညွှန်ဆိုင်းဘုတ်ကိစ္စရပ်များ၊ ပညာရေးကိစ္စရပ်များတွင်လည်း ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး အားလုံးက ဝိုင်းဝန်းကူညီထောက်ပံ့ ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲက ရေနှင့်ပတ်သက်၍ မြေအောက်ရေ သုံးစွဲသည်ထက် လက်ရှိ ရေလှောင်ကန်များ၊ တာတမံများ ပြုပြင်ထိန်းသိမ်းသုံးစွဲရန် မှာကြားကြောင်း၊ အားကစားကဏ္ဍတွင်လည်း အားကစားကွင်းကို ကောင်းမွန်အောင် ဆောင်ရွက်ပေးကြရန်၊ ကျေးလက်ဒေသကို စီးပွားရေးမြှင့်တင်ပေးရန်အတွက် MSME ထုတ်ကုန်အသေးစားများ ဆောင်ရွက်ရန်အတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များက ပေါင်းစပ်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ လမ်းကောင်းမွန်ရေးကိုလည်း ဆောင်ရွက်ပေးကြရန်နှင့် ပြည်ပပို့ကုန်များကို တိုးမြှင့်ဆောင်ရွက်ပေးကြရန်၊ သန့်ရှင်းရေးနှင့်ပတ်သက်၍ စည်ပင်သာယာရေးဌာနက ကြီးကြပ်ဆောင်ရွက်ပေးရန်၊ တရားမဝင်ကုန်သွယ်ရေးကိစ္စရပ်များတွင်လည်း သေချာစိစစ်ဆောင်ရွက်ပေးကြရန်၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူမှုတွင်လည်း သေချာဆောင်ရွက်ပေးရန် စိုက်ပျိုးရေးကဏ္ဍတွင် မြေဩကတိုးချဲ့မှုထက် လက်ရှိမြေဩကတွင် တိုးချဲ့စိုက်ပျိုးပေးရန်နှင့် အထွက်နှုန်းကောင်းမွန်ရေး ဆောင်ရွက်ပေးကြရန်၊ စပါးကိုတင်ပို့ရောင်းချခြင်းမပြုဘဲ ဆန်ကိုကြိတ်ခွဲ၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် ဆောင်ရွက်ပေးကြရန်နှင့် ဆီထွက်သီးနှံနေကြာကို တိုးချဲ့စိုက်ပျိုးပေးကြရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို ပြောကြားကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် တာဝန်ရှိသူများသည် STAR AUNG BROTHER Construction Company Limited က တာဝန်ယူဆောက်လုပ်နေသည့် လားရှိုးမြို့ အထက(၁) တစ်ထပ်စာသင်ဆောင်ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ရှင်းလင်းကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များဖြည့်စွက်မှာကြားပြီး မြန်မာ့ရတနာရွှေခေတ်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသည့် လားရှိုးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအဆောက်အဦ တည်ဆောက်နေမှုနှင့် Shining Myanmar Company Limited က တာဝန်ယူဆောက်လုပ်နေသည့် အထက(၈) သုံးထပ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီတာဝန်ရှိသူများက ရှင်းလင်းရာ လိုအပ်သည်များကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် လွိုင်ကော်မြို့၏အရှေ့မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်သည့်အကြံဖြင့် လူမဆန်စွာ ပစ်ခတ်တိုက်ခိုက်သဖြင့် အခမ်းအနားကျင်းပရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသားကျောင်းသူကလေးငယ်ခြောက်ဦး၊ အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့က လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**
**၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်**

၁။ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ ၊ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက်၊ ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲကျင်းပစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လူမဆန်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရပါသည်။

၂။ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား၊ ကျောင်းသူ ၆ ဦး၊ အပြစ်မဲ့ပြည်သူ ၂ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁ ဦး သေဆုံးခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ပြည်သူများအား ဤသို့ပစ်မှတ်ထား လူမဆန်စွာ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) က လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက်(၁/၂၀၂၃)

**၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် ၊ တနင်္ဂနွေနေ့**

၁။ ဇန်နဝါရီလ(၁၅)ရက်နေ့ နံနက် (၇)နာရီ (၁၅)မိနစ်ခန့်က လွိုင်ကော်မြို့ ပြည်နယ်ခန်းမတွင် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကျင်းပနေစဉ် အကြမ်းဖက်သမား PDF အချို့က လက်နက်ကြီးများကိုအသုံးပြု၍ ပစ်ခတ်ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ပါသည်။

၂။ အဆိုပါ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ(၁)ဦး သေဆုံးခဲ့ရပြီး အခမ်းအနားတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေသော ကျောင်းသား၊ ကျောင်းသူ(၆)ဦးနှင့် ပြည်သူ(၂)ဦးအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ ယနေ့ နံနက်ပိုင်းက ပစ်ခတ်ဖျက်ဆီးခဲ့သည့် အကြမ်းဖက်လုပ်ရပ်သည် ဒေသခံတိုင်းရင်းသားများ၏ အထိမ်းအမှတ်အခမ်းအနားကို ဖျက်ဆီးလိုသော ရည်ရွယ်ချက်အပြင် အပြစ်မဲ့ပြည်သူများအား အစုလိုက်အပြုံလိုက် သေဆုံးစေရန် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း ထင်ရှားသဖြင့် အဆိုပါ အကြမ်းဖက်လုပ်ရပ်ကို လုပ်ကိုင်ခဲ့သည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက လုံးဝ(လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံစာရေးဆရာအသင်း သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်**

၁။ (၇၁)နှစ်မြောက်၊ ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနေသည့်နေရာသို့ KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် လွိုင်ကော်မြို့၏အရှေ့မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အခမ်းအနားကျင်းပရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား/ကျောင်းသူ ကလေးငယ် ၆ ဦး၊ အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသား ၁ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

၂။ ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့် ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် အဝေးမှနေ၍ ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည့် အကြမ်းဖက်သမားများအား မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

**၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**
**၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်**

၁။ ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ် ဇန်နဝါရီ ၁၅ ရက် နံနက် ၇ နာရီ ၁၅ မိနစ် အချိန်ခန့်တွင် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် လူမဆန်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ပါသည်။

၂။ အဆိုပါ ယုတ်မာရိုင်းစိုင်းသောစိတ်ဓာတ်ဖြင့် လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား/သူ ၆ ဦး၊ အပြစ်မဲ့ပြည်သူ ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁ ဦး သေဆုံးခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ ယခုလုပ်ရပ်သည် အပြစ်မဲ့ပြည်သူများအပေါ် ဦးတည်ချက်ထားကာ ရည်ရွယ်လုပ်ဆောင်ခဲ့ကြောင်း ထင်ရှားသဖြင့် ၎င်းအကြမ်းဖက်လုပ်ရပ်ကို ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ လုံးဝ(လုံးဝ)လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး သဘောထားထုတ်ပြန်ချက်

**နေပြည်တော်၊ ဇန်နဝါရီ ၁၅**

ကယားပြည်နယ်၊ လွိုင်ကော်မြို့ ၊ ပြည်နယ်ခန်းမရှေ့၌ ယနေ့နံနက်ပိုင်းတွင် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲကျင်းပနေစဉ် KNPPအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား/သူ ၆ ဦး၊ အပြစ်မဲ့ပြည်သူ ၂ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ပြည်သူ ၁ ဦး သေဆုံးခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲကျင်းပစဉ် လူမဆန်စွာ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးအဖွဲ့သူ၊ အဖွဲ့သားများမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်**

၁။ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့်နေရာသို့ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်သဖြင့် အခမ်းအနားကျင်းပရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား/သူ (၆)ဦး၊ အပြစ်မဲ့အရပ်သား ကျား(၁)ဦး၊ မ(၁)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အရပ်သား ကျား(၁)ဦး သေဆုံးခဲ့ကြောင်း သိရှိရသည့်ဖြစ်စဉ်အပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် လွန်စွာပင် စိတ်နှလုံးမချမ်းမြေ့ ဖြစ်ရပါသည်။

၂။ အပြစ်မဲ့ပြည်သူများအား အမျိုးမျိုးရန်ရှာကာ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုများနှင့် ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သည့် လူစည်ကားရာနေရာသို့ အများပြည်သူများအား အစုလိုက် အပြုံလိုက် သေကျေဒဏ်ရာရရှိစေခြင်းအလို့ငှာ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

# ကျောင်းသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရေဝတီတိုင်းဒေသကြီး ကျောင်းသားအားကစားအဖွဲ့ကို အောင်နိုင်ရေးအလံပေးအပ်

ပုသိမ် ဇန်နဝါရီ ၁၅

ကျောင်းသား အားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရေဝတီတိုင်းဒေသကြီး ကျောင်းသား အားကစားအဖွဲ့အား အောင်နိုင်ရေးအလံ ပေးအပ်ပွဲ အခမ်းအနားကို ရေစျှေဝါခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရေဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ကျောင်းပေါင်းစုံမှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ပြိုင်ပွဲအဆင့်ဆင့်ပြုလုပ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ အားကစားနည်းစနစ်များ တိုးတက်ပြောင်းလဲလာသည်နှင့်အညီ အားကစားရုံနှင့် အားကစားကွင်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် အားကစားကဏ္ဍ သည်လည်း တိုးတက်လာမည် ဖြစ်ကြောင်း၊ ကျောင်းသား အားကစားပွဲတော်တွင် စံချိန်ကောင်းကောင်းဖြင့် နိုင်ငံအဆင့် ရွှေတံဆိပ်ဆုများရရှိပြီး ထိုမှတစ်ဆင့် တိုင်းဒေသကြီးနှင့် နိုင်ငံကိုယ်စားပြု အားကစားသမားဖြစ်စေရေး ကြိုးပမ်းကြစေလိုကြောင်း ပြောကြားပြီး အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ အားကစားသမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ရေဝတီတိုင်းဒေသကြီးအနေဖြင့် ကျောင်းသားအားကစားပွဲတော်သို့ ဘောလုံး (ကျား၊ မ)၊ ဘော်လီဘော (ကျား၊မ)၊ ပိုက်ကျော်ခြင်း(ကျား)၊ ပြေး၊ ခုန်၊ ပစ် (ကျား၊ မ) အားကစားနည်းများဖြင့် အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်၊ နည်းပြ၊ ဒိုင်လူကြီး၊ ဆေးအဖွဲ့ ၃၂ ဦး၊ အားကစားသမား ၉၃ ဦးတို့ဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများဆွေးနွေးပွဲသို့တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာစာဘာသာရပ်တွင် ဆရာ ဆရာမ ၄၃၃ ဦး၊ အင်္ဂလိပ်စာဘာသာရပ်တွင် ဆရာ ဆရာမ ၄၈၈ ဦး၊ သင်္ချာဘာသာရပ်တွင် ဆရာ ဆရာမ ၄၈၈ ဦး၊ ဓာတုဗေဒဘာသာရပ်တွင် ဆရာ ဆရာမ ၂၂၀၊ ရူပဗေဒဘာသာရပ်တွင် ဆရာ ဆရာမ ၂၁၇ ဦး၊ ဇီဝဗေဒဘာသာရပ်တွင် ဆရာ ဆရာမ ၈၉ ဦး၊ ပထဝီဝင်ဘာသာရပ်တွင် ဆရာ ဆရာမ ၃၆၂ ဦး၊ သမိုင်းဘာသာရပ်တွင် ၃၆၉ ဦး၊ စီးပွားရေးဘာသာရပ်တွင် ဆရာ ၃၅၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**





# ရသေ့တောင်မြို့နယ် ပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

စစ်တွေ ဇန်နဝါရီ ၁၅

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ရသေ့တောင်မြို့ မေယုခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ အမျိုးသားရည်မှန်းချက်များချမှတ်၍ ပန်းတိုင်အဖြစ် ဆောင်ရွက်လျက်ရှိရာ အစိုးရနှင့်အတူ ဌာနဆိုင်ရာများ၊ နိုင်ငံသူ၊ နိုင်ငံသားများက အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်အတိုင်း အောင်မြင်အောင်လည်း တာဝန်ရှိသူများက ကြပ်ကြပ်မတ်မတ်ဖြင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့ပေါ်ရပ်ကွက်များတွင် တစ်အိမ်တက်ဆင်း အိမ်ထောင်စုလူဦးရေစာရင်း မြေပြင်ကွင်းဆင်း တိုက်ဆိုင်စစ်ဆေးစာရင်းကောက်ယူနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ရသေ့တောင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ အသက်ငါးနှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံနေမှုကို ကြည့်ရှုအားပေးကြကာ ကျောင်းသား ကျောင်းသူလေးများအား စားသောက်ဖွယ်ရာများနှင့် ကျောင်းသုံးဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရသေ့တောင်မြို့ ကမ်းနားလမ်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ကမ်းပါးတည်ငြိမ်မှုရှိစေရန် သဲအိတ်ချခြင်းလုပ်ငန်း၊ ဘိုးပိုင် အခြေပြုကျောက်စီမြေထိန်းနံရံပြုလုပ်ခြင်းလုပ်ငန်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် မေဃဝတီလမ်းကျောက်ချောခင်းခြင်း၊ စောပြည့်ညိုလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် မြို့ပတ်လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၁၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကိုထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကန့်ဘလူမြို့နယ်၌ မိုးစပါး ၁၃၀၁၈၄ ဧက ရိတ်သိမ်းပြီးစီး

ကန့်ဘလူ ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးလျက်ရှိရာ ၂၀၂၂- ၂၀၂၃ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ၁၅၂၂၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ မိုးစပါး ၁၃၀၁၈၄ ဧက ပြန်လည်ရိတ်သိမ်းပြီးစီးပြီး တင်းပေါင်း ၉၁၉၅၀၈၇ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ စပါးထုတ်လုပ်မှုတိုးတက်လာခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ ရာသီဥတုရေမြေဒေသနှင့် ကိုက်ညီသောအရည်အသွေးကောင်းမျိုးများ၊ အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးသွားနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ကွင်းဝန်ထမ်းများက ဒေသခံ တောင်သူလယ်သမားများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်း မိုးစပါးများကို ယမန်နှစ် ဇွန်၊ ဇူလိုင်လက စတင်စိုက်ပျိုးခဲ့ပြီး စက်တင်ဘာလကုန်၌မိုးစပါး ၁၅၂၂၁၄ ဧကစိုက်ပျိုးနိုင်ခဲ့ကာ ယခုအခါ မိုးစပါး ၁၃၀၁၈၄ ဧကပြန်လည်ရိတ်သိမ်းပြီးစီး၍ တစ်ဧကပျမ်းမျှ ၇၀ ဒသမ ၆၃ တင်းထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

❖

# ကျောက်တော်-ပလက်ဝ သင်္ဘောခရီးစဉ် တစ်ပတ်လျှင် နှစ်ကြိမ်ပြေးဆွဲပေးသဖြင့် ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေး အဆင်ပြေ

ပလက်ဝ ဇန်နဝါရီ ၁၅

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်သို့ ရေနယားသင်္ဘောခရီးစဉ်အား အပတ်စဉ် အင်္ဂါနေ့နှင့် သောကြာနေ့တို့တွင် ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ အများပြည်သူ ခရီးသွားလာရေးနှင့် ကုန်စည်သယ်ယူပို့ဆောင်ရေးတို့အတွက် အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေနယားသင်္ဘောခရီးစဉ် ပြေးဆွဲခြင်းကို အခြေအနေအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရာ ပလက်ဝမြို့နယ်ရှိ အများပြည်သူများအနေဖြင့် ဈေးဆိုင်များ၌ ကုန်ပစ္စည်းများ ပြတ်လုနီးပါးအခြေအနေနှင့်ကြုံတွေ့ခဲ့ရာ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့်အတူ စားဝတ်နေရေးအပြင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ယခုအခါ ကျောက်တော်-ပလက်ဝ ရေလမ်းကြောင်း သင်္ဘောခရီးစဉ်အား တစ်ပတ်နှစ်ကြိမ် ပုံမှန်ပြေးဆွဲပေးသည့်အတွက် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် ခရီးသွားလာရေး၊ ကုန်စည်သယ်ယူပို့ဆောင်ရေး၊ စားနပ်ရိက္ခာ စသည်တို့ အဆင်ပြေပြီး ပလက်ဝမြို့နယ်တွင် လူသုံးကုန်ပစ္စည်းများ၊ ကုန်စည်များ ဈေးမြင့်တက်ခြင်း၊ ပြတ်လပ်ခြင်းမရှိဘဲ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တရုတ်နိုင်ငံက ဂြိုဟ်တု ၁၄ ခုသယ်ဆောင်သည့် Long March-2D ဒုံးပျံကို အောင်မြင်စွာလွှတ်တင်

**ပေကျင်း ဇန်နဝါရီ ၁၅**

တရုတ်နိုင်ငံသည် ဂြိုဟ်တု ၁၄ ခု သယ်ဆောင်သည့် Long March-2D ဒုံးပျံကို ယနေ့ အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒုံးပျံကို တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ရှီးပြည်နယ်ရှိ တိုင်ယွန်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၄ မိနစ်တွင် လွှတ်တင်ခဲ့သည်။

Qilu-2 နှင့် Qilu-3 အပါအဝင် ဂြိုဟ်တုများသည် ၎င်းတို့၏ စီစဉ်ထားသော အာကာသပတ်လမ်းအတွင်းသို့ ဝင်ရောက်သွားပြီဖြစ်ကြောင်း သိရသည်။

Qilu-2 နှင့် Qilu-3 ဂြိုဟ်တုများတွင် ပုံရိပ်ပြတ်သားမှုမြင့်မားသော အလင်းပြန်စနစ်နှင့် ကမ္ဘာမြေကို စူးစမ်းလေ့လာရန်အတွက် အလင်းပြန်ပုံရိပ်ဖော်ကိရိယာများ ပါဝင်သည်။

၎င်းတို့သည် တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ်တွင် မြေယာစစ်တမ်းကောက်ယူခြင်း၊ စိုက်ပျိုးရေး၊ သစ်တော၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် လျှော့ချရေးတို့အတွက် အဝေးမှ အာရုံခံခြင်းဆိုင်ရာ ဝန်ဆောင်မှုများကို ပံ့ပိုးပေးမည်ဖြစ်သည်။ ၎င်းတို့သည် အာကာသပတ်လမ်းအတွင်း Qilu-1 ဂြိုဟ်တုနှင့် ညှိနှိုင်းလုပ်ဆောင်မည်ဖြစ်သည်။ ယခုဒုံးပျံလွှတ်တင်မှုသည် အဆိုပါ Long March ဒုံးပျံယာဉ်ကို အသုံးပြုလွှတ်တင်သည့် (၄၆၂)ကြိမ်မြောက် ဒုံးပျံလွှတ်တင်ရေးမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Long March-2D ဒုံးပျံကို တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်း၏ လုပ်ငန်းခွဲတစ်ခုဖြစ်သည့် Shanghai Academy of Spaceflight Technology က တီထွင်ထုတ်လုပ် ထားခြင်းဖြစ်သည်။



ယင်းဒုံးပျံသည်ဂြိုဟ်တုတစ်လုံးတည်းနှင့် ဂြိုဟ်တု ၁၄ လုံးကို သယ်ဆောင်သွားခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# နီပေါနိုင်ငံ၌ ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျ၊ အနည်းဆုံး ၆၇ ဦး သေဆုံး

**ခတ္တမန္ဒူ ဇန်နဝါရီ ၁၅**

နီပေါနိုင်ငံအလယ်ပိုင်း ပေါ့ခါရာဒေသတွင် ခရီးသည် ၇၂ ဦး လိုက်ပါစီးနင်းသည့် ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျသွားခဲ့ရာ အနည်းဆုံး ၆၇ ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ဆိုသည်။

နီပေါတပ်မတော်သားများနှင့် ရဲအရာရှိများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ကာဆာကီခရိုင် အုပ်ချုပ်ရေးမှူး တက်ဘာဟာဒါက ပြောကြားသည်။

Yeti လေကြောင်းလိုင်းမှ ATR-72 လေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် မြို့တော်ခတ္တမန္ဒူမှ ပေါ့ခါရာဒေသသို့ ထွက်ခွာလာခဲ့ပြီး ၁၀ နာရီ မိနစ် ၅၀ တွင် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း နီပေါမြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အေဂျင်စီ၏အဆိုအရ ခရီးသည် ၆၈ ဦးနှင့် လေယာဉ်အမှုထမ်း လေးဦးတို့ လိုက်ပါလာခဲ့ပြီး ယင်းတို့အနက် အိန္ဒိယလူမျိုး ငါးဦး၊ ရုရှားနိုင်ငံသား လေးဦး၊ ကိုရီးယားနိုင်ငံသား နှစ်ဦးနှင့် ဩစတြေးလျ၊ အိုင်ယာလန်၊ အာဂျင်တီးနားနှင့် ပြင်သစ်နိုင်ငံတို့မှ တစ်ဦးစီအပါအဝင် နိုင်ငံခြားသား ၁၅ ဦးပါဝင်ကြောင်း သိရသည်။

အဆိုပါ လေယာဉ်သည် ဆာတီ မြစ်ကမ်းစပ်အနီးတွင် ပျက်ကျခဲ့ပြီး ခရီးသည် သုံးဦးကို အသက်ရှင်လျက် တွေ့ရှိသည့်အတွက် ဒေသဆိုင်ရာဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်း တာဝန်ရှိသူ တစ်ဦးက ဆိုသည်။

နီပေါအစိုးရက လေယာဉ်ပျံပျက်ကျမှုကြောင့် ဇန်နဝါရီ ၁၆ ရက်ကို ဝမ်းနည်းကြေကွဲမှုအဖြစ် ရုံးပိတ်ရက်သတ်မှတ်ရန် ကြေညာထားသည်။ လေယာဉ်ပျက်ကျသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးရန် အဖွဲ့ဝင်ငါးဦးပါ ကော်မတီတစ်ရပ်ကို ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့ကြောင်း စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီး Abdul Khan က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အစိုးရအဖွဲ့မှ လေကြောင်းလိုင်းများအား ၎င်းတို့၏ လေယာဉ်များကို ပုံမှန်စစ်ဆေးရန်နှင့် မဖြစ်မနေစစ်ဆေးရန်လည်း ညွှန်ကြားထားကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်အတွင်း လေယာဉ်ခရီးသည် ၄ ဒသမ ၆ သန်း လာရောက်လည်ပတ်ရန် ဆွဲဆောင်သွားမည်

**ဖနောင်ပင် ဇန်နဝါရီ ၁၅**

တရုတ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး စည်းမျဉ်းများကို ဖြေလျှော့ခဲ့ပြီးနောက် ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်အတွင်း လေကြောင်းခရီးဖြင့် ပြည်ပခရီးသည် ၄ ဒသမ ၆ သန်း လာရောက်လည်ပတ်ရန် ဆွဲဆောင်သွားနိုင်မည်ဟု မျှော်လင့်ထားကြောင်း ကမ္ဘောဒီးယားနိုင်ငံမြို့ပြလေကြောင်း အုပ်ချုပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဆင်ချန်စရီဗူသာက ပြောသည်။ ယမန်နှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ လေကြောင်းခရီးသည် ၂ ဒသမ ၃၈ သန်းလာရောက်ခဲ့ကြောင်း ၎င်းက ပြောသည်။

ယခုနှစ်တွင် တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ဖြေလျှော့ပေးမှုကြောင့် ကမ္ဘောဒီးယားနိုင်ငံသို့ ဝင်ရောက်လာမည့်ခရီးသည်အရေအတွက်သည် နှစ်ဆခန့်မြင့်တက်လာနိုင်ကြောင်း ၎င်းကပြောသည်။

တရုတ်နိုင်ငံမှ ခရီးသည်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လည်လာရောက်မည့်အရေးကို လှိုက်လှဲစွာကြိုဆိုကြောင်းနှင့် ၎င်းတို့သည် ကမ္ဘောဒီးယားနိုင်ငံ၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်စေရေး အဓိကပံ့ပိုးကူညီနေသူများကြောင်း ၎င်းက ပြောသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ လက်ရှိအချိန်တွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသည့် လေကြောင်းလိုင်း ၂၇ လိုင်းရှိပြီး ၎င်းတို့အနက် လေကြောင်းလိုင်း ခြောက်ခုမှာ တရုတ်နိုင်ငံမှဖြစ်ကြောင်း ၎င်းက ပြောသည်။ လာမည့်အနာဂတ်ကာလတွင် တရုတ်နိုင်ငံမှ ကမ္ဘောဒီးယားသို့ လေကြောင်းလိုင်းများတိုးချဲ့ပျံသန်းမည်ဟု ယုံကြည်ကြောင်း ၎င်းကပြောသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ ယခုနှစ်အတွင်းတရုတ်ခရီးသည် အနည်းဆုံး တစ်သန်းခန့် လာရောက်စေရေး ရည်မှန်းဆောင်ရွက်နေကြောင်း ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းဝန်ကြီး သောင်ခွန်က ပြောသည်။ တရုတ်နိုင်ငံ၏ ပြည်ပခရီးသွားဈေးကွက်များ ပြန်လည်ရှင်သန်လာခြင်းသည် ကမ္ဘောဒီးယားနိုင်ငံအတွက်သာမက ကမ္ဘာတစ်ဝန်းကို အကျိုးရှိစေမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၄၃ ရာခိုင်နှုန်းကျော် အိုမီခရွန် XBB.1.5. ဗီဇပြောင်းပိုင်းရပ်စ် ကူးစက်ခံရသူများဖြစ်

**ဝါရှင်တန် ဇန်နဝါရီ ၁၅**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၄၃ ရာခိုင်နှုန်းကျော်သည် အိုမီခရွန် XBB.1.5. ဗီဇပြောင်း ပိုင်းရပ်စ်ကူးစက်ခံထားရသူများဖြစ်ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဆိုသည်။

အဆိုပါ ပိုင်းရပ်စ်ကူးစက်မှုသည် အလွန်လျင်မြန်ပြီး ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ရောဂါထပ်မံကူးစက်ခံရသူများအနက် ၄၃ ရာခိုင်နှုန်းကျော်ရှိကြောင်း ခန့်မှန်းရသည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဆက်လက်ပြောကြားသည်။

အမေရိကန်နိုင်ငံအတွင်း မူလကူးစက်ပျံ့နှံ့လျက်ရှိသည့် BQ.1.1 ဗီဇပြောင်း ပိုင်းရပ်စ်ထက်ပင် အိုမီခရွန် XBB.1.5. ဗီဇပြောင်းပိုင်းရပ်စ် ကူးစက်ခံရသူအရေအတွက်သည် ပိုမိုများပြားလာကြောင်း သိရသည်။ နယူးယောက်ပြည်နယ်အပါအဝင် နိုင်ငံအရှေ့မြောက်ဘက်တွင် အဆိုပါ ဗီဇပြောင်းပိုင်းရပ်စ် ကူးစက်မှုသည် ၈၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် ဆေးရုံတက်ရောက်ကုသသူ ပျမ်းမျှနေ့စဉ်အရေအတွက်သည် ၅၈၀၀ ခန့်ရှိပြီး ယခင်ရက်သတ္တပတ်ကထက်၁၀ ရာခိုင်နှုန်း လျော့ကျသွားသည်။

သို့သော် ဇန်နဝါရီ ၁၁ ရက်အထိ နေ့စဉ်သေဆုံးမှု ပျမ်းမျှအရေအတွက်သည် ၅၆၀ ဝန်းကျင်ရှိပြီး ယခင်ရက်သတ္တပတ်ထက် ၁၇၀ ခန့် မြင့်တက်လာကြောင်း သိရသည်။

အိုမီခရွန် XBB.1.5. ဗီဇပြောင်း ပိုင်းရပ်စ်သည် ခံနိုင်ရည်အားအကောင်းဆုံးသော အမျိုးအစားဖြစ်ပြီး ရောဂါပြင်းထန်လာပါက ကုသပေးရန် တိကျသော ဆေးဝါးကုသမှုမရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုကြောင့် ၄၁၅ ဦး ထပ်မံသေဆုံး

**တိုကျို ဇန်နဝါရီ ၁၅**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၁၅ ဦး သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၂၆၇၉ ဦးရှိကြောင်း သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၀၈၂၈၁ ဦးရှိရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၁၄၁၆၆၃၃ ဦးရှိကြောင်း သိရသည်။ လက်ရှိတွင် ရောဂါပြင်းထန်စွာ ခံစားနေရပြီး အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားသူ ၆၇၂ ဦးရှိသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၈၂၆၉ ဦးသည် မြို့တော်တိုကျိုမှဖြစ်ပြီး သေဆုံးသူ ၃၄ ဦးရှိသည်။ အဆိုပါမြို့တော်အတွင်း၌ ရောဂါကူးစက်ခံရသူအရေအတွက်သည် လွန်ခဲ့သော ရက်သတ္တပတ်ကထက် ၆၈၅၅ ဦး လျော့ကျသွားကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# မြစ်ကြီးနားမြို့၌ ငွေကျပ် ၁ ဒသမ ၇၁ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ငွေကျပ် ၁ ဒသမ ၇၁ ဘီလီယံ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၁ ရက် ညနေ ၅ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် လမ်းသွယ် (၂၇)တွင် ဖြိုးပြည့်စုံ(ခ)ငယ်ငယ်မောင်းနှင်လာသော ဆိုင်ကယ်ကို သတင်းအရ ရှာဖွေရာ ဘိန်းဖြူပါ ဆပ်ပြာခွက် ၁၁ ခွက်တွေ့ရှိပြီး ၎င်းနေထိုင်သည့် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာနေအိမ်မှ ဘိန်းဖြူပါ ဆပ်ပြာခွက် ၆၃ ခွက်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၄ သိန်း ထပ်မံရှာဖွေတွေ့ရှိသဖြင့် စုစုပေါင်းဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၇၁ ဘီလီယံ တန်ဖိုးရှိ ဘိန်းဖြူဂရမ် ၇၄၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၄ သိန်းတို့ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# လှိုင်သာယာ(အရှေ့ပိုင်း)နှင့် မိုးမိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက် ညနေ ၆ နာရီခွဲတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၇)ရပ်ကွက် နီလာလက်ဖက်ရည်ဆိုင်အနီးတွင် ရဲကျော်(ခ)ရဲကျော်သူ ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၆နာရီ ၄၅ မိနစ်တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ ၎င်း၏နေအိမ်သို့ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကိုလည်းကောင်း၊ ထို့နေ့ နံနက် ၁၀ နာရီခွဲတွင် မိုးမိတ်မြို့နယ် ရွှေဇာလီကျေးရွာအုပ်စု အုန်းကြော(ရွာသစ်)ကျေးရွာအထွက်ရှိ သုသာန်အနီးတွင် မိုးမိတ်မြို့မှ မဘိမ်းမြို့ဘက်သို့ ဇော်ရိန်(ခ)ဇောင်လီမောင်းနှင်ပြီး အောင်ထွန်း(ခ) မာနော် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀ ကိုသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



ရဲကျော်(ခ)ရဲကျော်သူအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၅

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၀ ရက်တွင် မြဝတီ-ဘားအံ-ရန်ကုန်လမ်းကြောင်း၌ ယာဉ်တစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Plastic Tube ကီလိုဂရမ် ၁၄၈၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၂၅၄၉၇)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Dongfeng Tractor Head အမျိုးအစား ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်ဝန်စည်များအတွင်းမှ သက်ဆိုင်ရာ တင်သွင်းခွင့် ထောက်ခံချက်မပါရှိသော NSR Walkie-Talkie သုံးလုံးအပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ သတ်မှတ်ရက်ထက်ကျော်လွန်၍ လာရောက်ထုတ်ယူခြင်းမရှိသော အင်းစက်ပိုးမွှားရှင်းလင်းရေးစက်နှင့် အပိုပစ္စည်း တစ်စုံ၊ Sensor Support Twistlock-R ငါးလုံးအပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၅၃၂၁၁) ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၅၈၇၈၇၀၈)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော Sue Sat တံဆိပ်ပါ ဆပ်ပြာမှုန့်ထုပ် ၇၅ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော MAN Tractor Head အမျိုးအစား ယာဉ် တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၆၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်အတွင်း တရားမဝင်သစ်မျိုးစုံ ၂၈၇ ဒသမ ၃၃၂၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၂၅၄၆၈၆) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၀ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၆၃၃၃၉၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိမှု။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၁-၂၀၂၃ တနင်္လာနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ပဋ္ဌာနသုတ်၊ရတနသုတ်၊ ဓေါဇဂ္ဂသုတ်၊အဋ္ဌနာဋိယသုတ်တော်၊ကရဏီယမေတ္တသုတ်(ဝိ)ပဋိစ္စသမုပ်ပါဒ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | "ဒီမိုကရေစီဆိုရာဝယ်" |
| ၀၉:၁၀ | မွေးမြူရေးရာအဖြာဖြာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | ECONOMIC REVIEW |
| ၁၁:၃၀ | ဘဝနှင့်အနုပညာ "ချစ်သောပါဝါ" (အကယ်ဒမီဝါဝါဝင်းရွှေ)(အပိုင်း-၁) |
| ၁၂:၃၀ | မြန်မာဇာတ်လမ်းတွဲ "ပိန်းကြာဝက်၌တင်သောရေ"(အပိုင်း-၁) |
| ၁၃:၃၀ | MRTV National News |
| ၁၆:၃၅ | မျိုးဆက်တင့်စေဆိုကရေးတီးအမွေ |
| ၁၇:၁၅ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | ရုပ်မြင်သံကြားဇာတ်လမ်း "**အတိတ်ရဲ့အရိပ်**" (စည်သူမောင်၊ထက်ထက်၊ချောငယ်) |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "**ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း**" (အပိုင်း-၅၅) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "**ဒေါင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်**" (အပိုင်း-၂၈) |

**mitv**

| | |
|---|---|
| 07:01 | Evergreen Classic: An Da Yel Kin (Htar) |
| 07:09 | A Tourist Destination Of Shan State |
| 07:23 | Myanmar Street Foods |
| 07:28 | Mural Painting Bagan |
| 07:40 | Yoga & Health |
| 08:01 | News |
| 08:26 | Asia Updates: The New Southern Silk Road (China - Myanmar Chapter) Part-2 (The River of Life 1) Part-A |
| 08:50 | Popa Trip |
| 09:03 | 19 Hours |
| 09:27 | Discovering Tribes "Rvwang" Their Life and Customs (Part-2) |
| 09:55 | The Art of Making Paper Toys |
| 10:01 | New |
| 10:26 | Topical Topics (No. 29) Wash Your Minds, To Be Honest in Society |
| 10:33 | Listening Pleasure, Instrumental Music (Banjo) Yangon Thu |

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၆:၀၀)မှ (၇:၀၀)ထိ**
တာရှန်းရိုးရာတောင်တက်ကပွဲ

**ချင်း(ချို:) (၇:၀၀)မှ (၈:၀၀) ထိ**
သွားဝါခြင်းအကြောင်းသိကောင်းစရာ

**မွန် (၈:၀၀)မှ (၁၀:၀၀)ထိ**
အရပ်ရှစ်မျက်နှာဦးချသူများ

**ရခိုင် (၁၀:၀၀)မှ(၁၂:၀၀)ထိ**
အိပ်မက်ကကြိုးကခုန်သူ

**ရှမ်း (၁၂:၀၀)မှ (၁၄:၀၀)ထိ**
ခေတ်သစ်ရှမ်း၊တိုင်းလုံ၊မော်ရှမ်း၊ဝုံရှမ်း၊တိုင်းနေတို့၏ဝတ်စားဆင်ယင်မှုများ

**"ဝ" (၁၄:၀၀)မှ (၁၆:၀၀)ထိ**
"ဝ"ဘာသာစကားပြောကြရအောင်(လူမျိုးများအဝေါ်အဝေါ်)

**ကချင် (၁၆:၀၀)မှ (၁၈:၀၀)ထိ**
ပနော့အလှပမယ်(အပိုင်း-၁)

**ကယား (၁၈:၀၀)မှ (၂၀:၀၀) ထိ**
အပန်းဖြေစရာဘုရားဖြူကြာကန်သို့အရောက်လှမ်းခဲ့ပါ

**ဝကေကရင် (၂၀:၀၀)မှ (၂၁:၀၀)ထိ**
ရိုးရာမုန့်ညင်းဆန်လျော်ဟင်းရည်နှင့်အမဲသားထောင်း

**အနောက်ပိုးကရင် (၂၁:၀၀)မှ (၂၂:၀၀)ထိ**
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၇)

**အရှေ့ပိုးကရင် (၂၂:၀၀)မှ (၂၃:၀၀)ထိ**
သာယာလှပသောကျူထော်ရေတံခွန်သို့သွားလည်ကြရအောင်

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၁၅ | "Weekly Selected News" |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၄၅ | သတင်းသမားပြောတဲ့သတင်းစကား |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**ရေအဆုံးကုန်းတစ်ဝက်**" |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၁) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၁) |

**MRTV FARMERS'**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၃၀ | ရောဂါအကျံခံနိုင်ရည်ရှိပြီး စပ်မျိုးခရမ်းချဉ်မျိုးများစိုက်ကြစို့ |
| ၀၇:၀၀ | "စိုက်ပျိုးမွေးမြူသုတဘဏ်" |
| ၀၇:၁၀ | နိုင်ငံ့စီးပွားမြင့်မားဖို့စိုက်မွေးကဏ္ဍမြင့်တင်စို့ |
| ၀၇:၅၅ | "နိုင်ငံတကာနည်းပညာတို့လယ်တောမှာကျင့်သုံးပါ" |
| ၀၈:၀၀ | ကော်ဖီသုတေသနမှသည်ကော်ဖီကဏ္ဍတိုးတက်ဖို့မျှော်ရည် |
| ၀၈:၂၅ | မြန်မာ့မြေမှအလှသပြေ |
| ၀၉:၂၀ | တိကောင်မွေးမြူရေးနှင့်တီစွန့်ပစ်မြေဩဇာထုတ်လုပ်သုံးစွဲရေး |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို ဧနေ့ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111 ” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် “1111” ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် “1111” ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားပြုလုပ်နေသည့် ပြည်နယ်ခန်းမနေရာသို့ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ ပြည်သူ တစ်ဦးသေဆုံး၊ ကျောင်းသား ကျောင်းသူ ကလေးငယ်များအပါအဝင် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၁၅**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ် ယနေ့ နံနက်ပိုင်းက KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်**

ဖြစ်စဉ်မှာ (၇၁) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့်နေရာသို့ KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် လွိုင်ကော်မြို့၏ အရှေ့မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်စွာ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်သဖြင့် အခမ်းအနားကျင်းပရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီး ကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား ကျောင်းသူ ကလေးငယ် ခြောက်ဦး၊ အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အပြစ်မဲ့ အရပ်သားပြည်သူ အမျိုးသား တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လွိုင်ကော်မြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့်ယခုကဲ့သို့ဒေသခံတိုင်းရင်းသားများ၏ပြည်နယ်နှင့် သက်ဆိုင်သည့်အခမ်းအနားကို ဖျက်ဆီးလိုသော ရည်ရွယ်ချက်အပြင် စစ်ရေးနှင့်မသက်ဆိုင်သည့် လူစည်ကားရာ နေရာသို့ အများပြည်သူများကို အစုလိုက် အပြုံလိုက် သေကျေဒဏ်ရာရရှိစေခြင်းအလို့ငှာ ရည်ရွယ်ချက်ရှိရှိဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် ရိုင်းစိုင်းပြီး လူမဆန်သည့် အကြမ်းဖက်သမားများ၏ ယုတ်မာ လုပ်ရပ်များကို ဒေသခံပြည်သူများက ရွံ့ရှာမုန်းတီးလျက်ရှိကြောင်း သိရသည်။




KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲပြုလုပ်နေသည့် ပြည်နယ်ခန်းမနေရာသို့ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဒါရိုကာရပ်ကွက်နေ သူရ(ခ) မြတ်သူသည် ၎င်းအသုံးပြုသည့် “Thura (Myat Thu)” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် (၁၁)ရပ်ကွက်နေ ဥမ္မာစန်း(ခ) ဥမ္မာထက်သည် ၎င်းအသုံးပြုသည့် “Ohanmar San” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ၂၀၂၂ ခုနှစ် တစ်နှစ်တာကာလအတွင်း ပြည်တွင်းထူးခြားဖြစ်စဉ်သတင်းများ

မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ၂၀၂၂ ခုနှစ် တစ်နှစ်တာကာလအတွင်း ကြေးမုံသတင်းစာ၌ ဖော်ပြခဲ့မှုများအနက်မှ ထူးခြားဖြစ်စဉ်သတင်းအချို့ကို စာဖတ်သူများ ဖတ်ရှုနိုင်စေရန် ပြန်လည်ကောက်နုတ်ဖော်ပြအပ်ပါသည်။

## တပ်မတော်ဆေးရုံ၊ ဆေးတပ်ရင်းများမှ ပြည်သူ ၃၂၀၀၀၀ ကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့

**ဇန်နဝါရီ ၆**

တပ်မတော်ဆေးရုံ၊ ဆေးတပ်ရင်းများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိတပ်မတော် ဆေးရုံနှင့် ဆေးတပ်ရင်းများတွင် ဒေသခံ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ပြင်ပလူနာ ၃၂၉၇၅၉ ဦး၊ အတွင်းလူနာ ၉၈၃၂၈ ဦး၊ မွေးလူနာ ၁၉၅၂၆ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့် ခံတွင်းဆိုင်ရာရောဂါ၊ အရိုးအကြော ဆိုင်ရာ ရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါ၊ မျက်စိ ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ဆီးနှင့် ကျောက်ကပ်ဆိုင်ရာ ရောဂါ၊ နှလုံးနှင့် ဆိုင်သောရောဂါများ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ ကြောင်း သိရသည်။



ဘုတ်ပြင်းမြို့ တပ်မတော်ဆေးရုံသို့ လာရောက်ပြသသည့် ဒေသခံပြည်သူ ကိုယ်ဝန်ဆောင်မိခင် တစ်ဦးအား မီးဖွားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN အား ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၇ ရက်က လက်ခံတွေ့ဆုံစဉ်။

## ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်

**ဇန်နဝါရီ ၇**

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ၈ ရက်အထိ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်ခဲ့ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် Samdech Akka Moha Sena Padei Techo HUN SEN အား ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ သံတမန်ဆက်ဆံ ရေး၊ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ နိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင် ရွက်နေမှုနှင့် အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် နှင့် ကမ္ဘောဒီးယားနိုင်ငံမှ ပါဝင် ကူညီဆောင်ရွက် နိုင်မည့်အခြေအနေ၊ အာဆီယံ ဘုံသဘောတူညီ ချက် (၅)ရပ်နှင့်အညီ မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှု အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ ပေးရေးကိစ္စရပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်း စဉ်(၅)ရပ်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက နယ်စပ်ရေးရာဝန်ကြီးဌာနအတွက် အမေရိကန်ဒေါ်လာနှစ်သိန်း လှူဒါန်း

**ဇန်နဝါရီ ၁၂**

မြန်မာနိုင်ငံ၏ အပစ်အခတ်ရပ်စဲမှု ငြိမ်းချမ်းရေးဖော်ဆောင်မှုတို့ကို တိုးမြှင့်ရန်နှင့် တရုတ်- မြန်မာ နယ်စပ်ဒေသ၌ နေထိုင်သည့် ပြည်သူများ၏ လူနေမှုဘဝတိုးတက်ရေးတို့အတွက် ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက နယ်စပ်ရေးရာ ဝန်ကြီးဌာနသို့ အမေရိကန်ဒေါ်လာနှစ်သိန်း ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက လွှဲပြောင်းပေးအပ် လှူဒါန်းသော အမေရိကန်ဒေါ်လာ နှစ်သိန်းကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

## ထိုင်း-မြန်မာ နယ်စပ်ဒေသတွင် ဘတ်/ကျပ် ပေးချေမှုခွင့်ပြု

**မတ် ၃**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အမိန့်ကြေညာစာအမှတ်(၅/၂၀၂၂) ကို ၂၀၂၂ ခုနှစ် မတ်လ ၃ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီး ထိုင်း-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်နိုင်ရန်၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်၊ နှစ်နိုင်ငံ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လွယ်ကူချောမွေ့စေရန်နှင့် ASEAN Financial Integration ၏ ရည်ရွယ်ချက်များနှင့်အညီ ပြည်တွင်းငွေကြေး သုံးစွဲမှုကို တိုးမြှင့်ရန်တို့အတွက် ရည်ရွယ်၍ ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသတွင် ဘတ်/ကျပ် တိုက်ရိုက်အသုံးပြု ပေးချေမှုကို ဆောင်ရွက်ခွင့်ပြုခဲ့သည်။

## ၂၀၂၁ ခုနှစ်တွင် နိုင်ငံတစ်ဝန်း မီးလောင်မှုကြောင့် ငွေကျပ် ၃၃ ဘီလီယံကျော် ဆုံးရှုံးခဲ့

**ဇန်နဝါရီ ၁၂**

၂၀၂၁ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ မီးလောင်မှု ၂၁၀၇ ကြိမ် ဖြစ်ပွားခဲ့ပြီး ခန့်မှန်းငွေကျပ် ၃၃ ဘီလီယံကျော် ဆုံးရှုံးခဲ့ကြောင်း မြန်မာ နိုင်ငံမီးသတ် တပ်ဖွဲ့ဌာနချုပ်မှ သိရ သည်။

မီးလောင်မှုဖြစ်စဉ်တို့တွင် ကချင် ပြည်နယ်၌ ၈၁ ကြိမ်၊ ကယားပြည်နယ် တွင် ၁၉ ကြိမ်၊ ကရင်ပြည်နယ်တွင် ၃၃ ကြိမ်၊ ချင်းပြည်နယ်တွင် ၃၈ ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၃၀၁ ကြိမ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၈၅ ကြိမ်၊ နေပြည်တော်တွင် ၇၁ ကြိမ်၊ ပဲခူးတိုင်း ဒေသကြီးတွင် ၁၉၄ ကြိမ်၊ မကွေးတိုင်း ဒေသကြီးတွင် ၂၁၀၊ မန္တလေးတိုင်း ဒေသကြီးတွင် ၂၄၅ ကြိမ်၊ မွန်ပြည်နယ် တွင် ၁၃၂ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၆၄ ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၃၁၀၊ ရှမ်းပြည်နယ်တွင် ၁၇၃ ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၄၂ ကြိမ် ဖြင့် စုစုပေါင်း ၂၁၀၇ ကြိမ် ဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် ၁၀၅ ဦး သေဆုံး၍ ၁၅၁ ဦး ဒဏ်ရာရရှိခဲ့သည်။




## လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းအပါအဝင် လုပ်ငန်းသစ် ခုနစ်ခု ခွင့်ပြု

**မတ် ၁၀**

ဆောင်ရွက်ဆဲ၊ ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၂ ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့မှ လုပ်ငန်းသစ်ခုနစ်ခုကို မတ် ၁၀ ရက် မွန်းလွဲပိုင်းက ကျင်းပသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးတွင် ခွင့်ပြုခဲ့ကြောင်း သိရသည်။ ခွင့်ပြုခဲ့သောလုပ်ငန်းများတွင် တည်ဆောက်ရေးကာလ ခြောက်လအတွင်း မဂ္ဂါဝပ် ၂၀ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းလည်းပါဝင်ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏ သည် အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၇၅၉ သန်းနှင့် ငွေကျပ် သန်း ၄၃၃၂၇ ဒသမ ၄၅၅ ရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၅၅၃ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

**စာတည်းအဖွဲ့ - စုစည်းတင်ပြသည်**

## SARS-CoV-2 Variant Omicron (အိုမီခရွန်)ရောဂါပိုး ထပ်မံတွေ့ရှိရမှု သတင်းထုတ်ပြန်

**ဖေဖော်ဝါရီ ၃**

ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း" များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာပြီး ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ ၄၆ ခုအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် ၃-၂-၂၀၂၂ ရက်နေ့က ဆောင် ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ဓာတ်ခွဲနမူနာ ၂၈ ခုတွင် တွေ့ရှိကြောင်း သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

# ၂၀၂၂ ခုနှစ် တစ်နှစ်တာကာလအတွင်း နိုင်ငံတကာထူးခြားဖြစ်စဉ်သတင်းများ

ဘာသာပြန်အဖွဲ့ - စုစည်းတင်ပြသည်

၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတကာတွင် ဖြစ်ပွားခဲ့သည့် ကျန်းမာရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ထူးခြားဖြစ်စဉ်များကို စုစည်းတင်ပြလိုက်ပါသည်-

## နိုင်ငံတကာအာကာသစခန်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးမြှင့်

အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲမှုအေဂျင်စီ(နာဆာ)သည် နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)၏ လုပ်ငန်းဆောင်ရွက်မှုများကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ယင်းသို့ နိုင်ငံတကာအာကာသစခန်း၏ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့်ကိစ္စနှင့် စပ်လျဉ်း၍ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ကတိကဝတ်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်တစ်ရပ်ကိုလည်း အမေရိကန်နိုင်ငံအစိုးရ၏ လွတ်လပ်သော အေဂျင်စီတစ်ခုဖြစ်သည့် အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲမှုအေဂျင်စီ(နာဆာ)က ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးငါးမျိုးကို အပိုဆောင်းထိုးနှံရန် အတည်ပြု

အင်ဒိုနီးရှားအာဏာပိုင်များသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ငါးမျိုးကို တတိယအကြိမ် အပိုဆောင်း ကာကွယ်ဆေးအဖြစ် အရေးပေါ်အသုံးပြုရန် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ခွင့်ပြုလိုက်သည်။

တရုတ်နိုင်ငံထုတ် Sinovac၊ အမေရိကန်နိုင်ငံထုတ် Pfizer၊ ဗြိတိန်နှင့် ဆွီဒင်နိုင်ငံထုတ် AstraZeneca၊ အမေရိကန်နိုင်ငံထုတ် Moderna နှင့် ပြည်တွင်းဖြစ် Zifivax စသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ငါးမျိုးကို တတိယ အကြိမ် အပိုဆောင်းကာကွယ်ဆေးအဖြစ်အသုံးပြုရန် နိုင်ငံအတွင်း ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှား အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအေဂျင်စီ အကြီးအကဲ ပဲန်နီလူကီသိုက ပြောသည်။

ထို့ပြင် အင်ဒိုနီးရှားအစိုးရသည် နောက်ထပ် ကာကွယ်ဆေး အများအပြားကိုလည်း အရေးပေါ်အသုံးပြုခွင့်ရရှိရန် စမ်းသပ်လျက်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။



## ကမ္ဘာ့အသက်အကြီးဆုံးအမျိုးသား ၁၁၂ နှစ်တွင် ကွယ်လွန်

ဂရင်းနစ်မှတ်တမ်း၌ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားအဖြစ် အသိအမှတ်ပြုခြင်းခံရသော အသက် ၁၁၂ နှစ်အရွယ်ရှိ စပိန်နိုင်ငံသား ဆန်ဒီယေဂိုဒီလာဖန်တီသည် နိုင်ငံအနောက်မြောက်ပိုင်း လီယွန်မြို့၌ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၈ ရက်က ကွယ်လွန်သွားခဲ့ကြောင်း ၎င်း၏ မိသားစုက ပြောကြားသည်။

ဆန်ဒီယေဂိုဒီလာဖန်တီအား ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် ၁၉၁၈ ခုနှစ်တွင် စပိန်နိုင်ငံ၌ ဖြစ်ပွားခဲ့သော တုပ်ကွေးကပ်ရောဂါမှ အသက်ရှင်လွတ်မြောက်ခဲ့သည်။

၎င်းသည် အသက် ၁၃ နှစ်အရွယ်တွင် ဖိနပ်စက်ရုံလုပ်သားအဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး အသက် ၁၉ နှစ်အရွယ်တွင် တာနာကာအမည်ရှိ ဆန်ဆိုင်ပိုင်ရှင် အမျိုးသမီးနှင့် လက်ထပ်ခဲ့သည်။ ၎င်း၏ ဇနီး တာနာကာသည် အသက် ၁၀၃ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

## အိုမီခရွန်ဗီဇပြောင်းပိုင်းရပ်စ် ကူးစက်မှုများမြင့်တက်လာခြင်းကြောင့် အမေရိကန်ရှိ စတိုးဆိုင်များ ကုန်ပစ္စည်းပြတ်လပ်

အမေရိကန်နိုင်ငံ၌ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများမြင့်တက်လာပြီး လုပ်သားရှားပါးမှုနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကုန်ကျစရိတ်ပြဿနာကြောင့် ကုန်ပစ္စည်း စတိုးဆိုင်များတွင် ကုန်ပစ္စည်းများပြတ်လပ်မှုနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

စတိုးဆိုင်များ၌ လက်ရှိအချိန်တွင် ကုန်ပစ္စည်းရောင်းချရမှုအပိုင်း၌ အိမ်သုံးစားသောက်ကုန်ပစ္စည်းများနှင့် တစ်ကိုယ်ရေကျန်းမာရေး အသုံးအဆောင်များမှာ ပြတ်လပ်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လုပ်သားများမှာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားစောင့်ကြည့်မှု ခံယူလျက်ရှိနေကြ၍ လုပ်သားရှားပါးမှု ပြဿနာများကိုလည်း ရင်ဆိုင်နေရကြောင်း သိရသည်။

ပြီးခဲ့သော သီတင်းပတ်များမှစတင်၍ ယာဉ်မောင်းများ၊ လုပ်သားများနှင့် မော်တော်ယာဉ်များ လုံလောက်မှုမရှိခြင်းအပြင် ဟင်းသီးဟင်းရွက်တင်သွင်းသူများမှာလည်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ပြတ်တောက်သဖြင့် စတိုးဆိုင်များအား ကုန်ပစ္စည်းတင်သွင်းရာ၌ ဈေးနှုန်းများ တိုးမြှင့်ခဲ့ကြောင်း သိရသည်။

## အသက် ၁၉ နှစ်အရွယ် ဘယ်လ်ဂျီယံနိုင်ငံသူ လေယာဉ်ဖြင့် ကမ္ဘာပတ်ခရီးနှင်မှု ပြီးဆုံး

လေယာဉ်ဖြင့် တစ်ကိုယ်တော်ကမ္ဘာပတ်ခဲ့သည့် အသက် ၁၉ နှစ်အရွယ် ဘယ်လ်ဂျီယံနိုင်ငံသူ ဇာရာရူသာဖို့ဒ်သည် ၎င်း၏ ခရီးစဉ်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်က အဆုံးသတ်ခဲ့ကြောင်း သိရသည်။

၎င်းသည် ဘယ်လ်ဂျီယံနိုင်ငံမှ ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်းက အပေါ့စားလေယာဉ်ဖြင့် စတင်ခရီးထွက်ခဲ့ပြီး ခရီးစဉ်အတွင်း တိုက်ကြီးငါးတိုက်ရှိ နိုင်ငံပေါင်း ၅၂ နိုင်ငံအား ဖြတ်သန်းသွားခဲ့ကြောင်း ဂရင်းနစ်မှတ်တမ်းအရ သိရသည်။

အစပိုင်းတွင် ၎င်း၏ခရီးစဉ်ကို သုံးလအတွင်း အပြီးသတ်ရန် စီစဉ်ခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုနှင့် ဖြတ်သန်းရာနိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် နိုင်ငံများအတွင်း ဝင်ခွင့်ရရှိရန် ကြန့်ကြာမှုများရှိခဲ့သဖြင့် အချိန်ငါးလမျှကြာမြင့်ခဲ့သည်။

၎င်းသည် လေယာဉ်မောင်းနှင်ရာတွင် မြင်ကွင်းရှင်းလင်းစေရန်အတွက် နေ့ပိုင်းတွင်သာ ပျံသန်းခဲ့ကြောင်း သိရသည်။ ၎င်း၏ အနာဂတ်ရည်မှန်းချက်မှာ အာကာသယာဉ်မှူး ဖြစ်လာရန်ဖြစ်ကြောင်း သိရသည်။





## နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန် မင်္ဂလာပွဲဖျက်သိမ်းခဲ့ရ

နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်သည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်အသစ်များကြောင့် ၎င်း၏ မင်္ဂလာပွဲကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။ နယူးဇီလန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများ တွေ့ရှိပြီးနောက် နိုင်ငံ တစ်ခုလုံးကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်တင်းကျပ်မှု အမြင့်ဆုံးအဆင့်သို့ ချမှတ်ခဲ့သည်။

## စင်ကာပူနှင့် မလေးရှားနိုင်ငံအကြား ခရီးသွားစကြံ ပြန်လည်ဖွင့်လှစ်

စင်ကာပူနှင့် မလေးရှားနိုင်ငံတို့အကြား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးသူများဆိုင်ရာ ခရီးသွားစကြံ အစီအစဉ်အရ နှစ်နိုင်ငံအကြား လေကြောင်းနှင့် ဘတ်စ်ကားဖြင့်သွားလာသူ ခရီးသည်များအား ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ပြန်လည်ခရီးသွားလာခွင့်ပြုလိုက်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီး ခိုင်ရီ ဂျမာလူဒင် က ပြောကြားသည်။



## တိုကျိုမြို့ရှိ ရုံးဌာနများ၌ လူသားများအစား စက်ရုပ်များက လုပ်ငန်းတာဝန်ထမ်းဆောင်

ဂျပန်နိုင်ငံရှိ မစ်ဆူဘီရှီကုမ္ပဏီသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို လျှော့ချနိုင်ရန်အတွက် တိုကျိုမြို့ရှိ ရုံးဌာနများတွင် လူသားဝန်ထမ်းများအစား စက်ရုပ်များအား လုပ်ငန်းတာဝန်များ စေခိုင်းသောစနစ်ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် ပြောင်းလဲအသုံးပြုခဲ့ကြောင်း သိရသည်။

၎င်းတီထွင်လိုက်သော စက်ရုပ်များသည် ဓာတ်လှေကားစီးနင်းပြီး လုံခြုံရေးဂိတ်ကို ဖြတ်ကျော်ကာ ကော်ဖီဆိုင်မှ မုန့်မှာယူခြင်းကဲ့သို့သော လုပ်ငန်းကို ဆောင်ရွက်နိုင်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် မှာယူထားသော စားသောက်စရာများအား စက်ရုပ်က လုံခြုံရေးဂိတ်ကိုဖြတ်ကျော်ကာ မှာယူသူထံ ပြန်လည်ယူဆောင်လာ မည်ဖြစ်သည်။ စေခိုင်းသူသည် ၎င်းစက်ရုပ်များအား မိမိတို့၏ မိုဘိုင်းဖုန်းမှတစ်ဆင့် ညွှန်ကြားနိုင်ကြောင်း သိရသည်။

(ဆက်လက်ဖော်ပြပါမည်)

# နိုင်ငံ့စီးပွား စိုက်ပျိုးမွေးမြူရေးစွမ်းပကား

**••••••••••• ထက်ဝေအောင်(စစ်ကိုင်း) •••••••••••**

နိုင်ငံတော်သည် စီးပွားရေးမူဝါဒများ ခိုင်မာစွာချမှတ်လျက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာထုတ်လုပ်ရေး၊ ကုန်ထုတ်စွမ်းအားများမြင့်မားလာစေရေး၊ တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေး၊ ဘေးကင်းလုံခြုံ၍ အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာများထုတ်လုပ်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ဥပဒေ၊ နည်းဥပဒေ အကာအကွယ်များစွာဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေး ပံ့ပိုးကူညီပေးလျက်ရှိသည်။ ထို့အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု စိုက်ပျိုးရေးဆိုင်ရာ သုတေသနလုပ်ငန်းများဖြစ်သည့် ဈေးကွက်သုတေသန၊ စိုက်ပျိုးရေးသုတေသန၊ မွေးမြူရေးသုတေသန၊ စက်မှုသုတေသန၊ နည်းပညာသုတေသန၊ ပညာရေးသုတေသနလုပ်ငန်းများကို အားပေးလျက်ရှိပြီး စားနပ်ရိက္ခာဖူလုံရေးအတွက် မြေနှင့် ရေအရင်းအမြစ်များကို အကျိုးရှိရှိ သုံးစွဲသွားရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအား ခေတ်မီနည်းစနစ်များဖြင့် ပေါင်းစပ်၍ လယ်ယာ၊ သားငါး ပိုမိုထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

**ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ**

လယ်ယာစီးပွားလုပ်ငန်းများ ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရမည်ဖြစ်သည်။ စိုက်ပျိုးထုတ်လုပ်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ ဈေးကွက်ဝယ်လိုအားကောင်းမွန်မှုနှင့် အာဟာရပြည့်ဝသည့် သီးနှံစုံ ထုတ်လုပ်နိုင်မှုတို့ဖြင့် အချိန်နှင့်တစ်ပြေးညီ အောင်မြင်မှုရရှိရန် အထူးလိုအပ်သည်။ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အားနည်းချက်၊ အားသာချက်များကို အချိန်မီပြုပြင်ဆောင်ရွက်ပါက အာဟာရပြည့်ဝသော သီးနှံ၊ အသား၊ ငါးများ တိုးတက်

**မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ဆန်၊ ပဲ၊ ပြောင်း၊ ဝါ၊ ဆီထွက်သီးနှံအထွက်နှုန်းကောင်းမွန်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ ဆင်းရဲတော်မွတ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း ထောင်စုနှစ်ရည်မှန်းချက်များသတ်မှတ်ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်(၁၇)ရပ်ပါ ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် စိုက်ပျိုးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမှုအကျင့်ကောင်းများကို လက်ခံကျင့်သုံးလျက်ရှိ**

ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စိုက်နည်းစနစ်ကောင်းများကို အားထားရန်လိုအပ်ပြီး ဖြစ်ပေါ်ပြောင်းလဲနေသည့် ရာသီဥတုအလိုက် ရေမြေဒေသကိုက်ညီသည့် ဒဏ်အခံနိုင်ဆုံးမျိုးများစိုက်ပျိုးကြရမည်ဖြစ်သည်။ နိုင်ငံတော်ကလည်း စီးပွားရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပြည်သူကိုဗဟိုပြုသော ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိပေသည်။

နိုင်ငံ၏လယ်ယာ၊ သားငါးကဏ္ဍသည် စားရေးဖူလုံမှုအတွက် များစွာအထောက်အကူပြုပြီး ကဏ္ဍတစ်ရပ်အနေဖြင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်းများကို ကိုယ်စားပြုသည်။ လယ်ယာကဏ္ဍတွင် အရေးကြီးအဓိကသီးနှံများဖြစ်သည့် စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ ရော်ဘာနှင့် ချက်ကြံရင့် အပါအဝင် သီးနှံများကို လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းတိုးမြှင့်ရေး၊ အရည်အသွေးပြည့်ဝသော ထွက်ကုန်များရရှိရေး၊ အထွက်ကောင်းမျိုးများ ပိုမိုထုတ်လုပ်သုံးစွဲနိုင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ လယ်ယာသုံးစက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေး၊ သွင်းအားစုနှင့်နည်းပညာများအား အချိန်ကိုက်အချိုးကျသုံးစွဲနိုင်ရေး အစီအမံကောင်းများသည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။

**ရေသည် အဖိုးမဖြတ်နိုင်သည့် သဘာဝသယံဇာတဖြစ်**

စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အလေးထားဆောင်ရွက်ရာတွင် ရေသည် မရှိမဖြစ်အရေးပါသည်။ ရေနှင့် အစားအစာသည် လူနှင့်သက်ရှိအားလုံးတို့ အသက်ရှင်သန်နေထိုင်မှုအတွက် မဖြစ်မနေ လိုအပ်သောအရာဖြစ်သည်။ ရေသည် အဖိုးမဖြတ်နိုင်သည့် သဘာဝသယံဇာတဖြစ်သည်။ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေကို ထိရောက်စွာအသုံးချနိုင်ရေး၊ မိုးရွာသွန်းမှု လျော့နည်းလာသည့်အလျောက် မြစ်များ၊ ချောင်းများ၊ မြောင်းများအတွင်း ရေသိုလှောင်နိုင်ရေးအတွက် ဆည်၊ တာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းများအသုံးပြုရေး ရေရှည်အသုံးပြုနိုင်မည့် စီမံကိန်းများချမှတ်လျက်ရှိသည်။ စိုက်ပျိုးရေကို ထိရောက်စွာ အသုံးပြုနိုင်ရေးနှင့် ရေစီမံခန့်ခွဲမှုကို လယ်သမားများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေမည့် ရေအသုံးချသူများအဖွဲ့ (Water User Group– WUG)နှင့် ရေအသုံးချသူများအသင်း (Water User Association– WUA)များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ စနစ်ကောင်းလျှင် ခေတ်ကောင်းသို့ ရောက်ရှိနိုင်သဖြင့် နည်းစနစ်၊ နည်းပညာကို ကောင်းစွာအသုံးချခြင်းဖြစ်သည်။

ယနေ့ မျက်မှောက်ကမ္ဘာတွင် လျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍအတွက် ဆိုလာလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လာသည်ကို တွေ့ရှိရသည်။ ဆိုလာလျှပ်စစ်စီမံကိန်းများသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သဖြင့် ကောင်းစွာအသုံးချပါက ပိုမိုထိရောက်အသုံးဝင်လှပါသည်။ နိုင်ငံတော်သည် မြစ်ရေတင်စီမံကိန်းများဖြင့် စိုက်ပျိုးရေ၊ သုံးရေနှင့် သောက်ရေရရှိရေး အလေးထားဆောင်ရွက်လျက်ရှိပြီး ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေကို အသုံးပြု၍ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်မှ လျှပ်စစ်ဓာတ်အားဖြင့်

**စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အလေးထားဆောင်ရွက်ရာတွင် ရေသည် မရှိမဖြစ်အရေးပါသည်။ ရေနှင့် အစားအစာသည် လူနှင့်သက်ရှိအားလုံးတို့ အသက်ရှင်သန်နေထိုင်မှုအတွက် မဖြစ်မနေ လိုအပ်သောအရာဖြစ်သည်။ ရေသည် အဖိုးမဖြတ်နိုင်သည့် သဘာဝသယံဇာတဖြစ်သည်။ နိုင်ငံတော်အစိုးရက စိုက်ပျိုးရေကို ထိရောက်စွာ အသုံးချနိုင်ရေး၊ မိုးရွာသွန်းမှု လျော့နည်းလာသည့်အလျောက် မြစ်များ၊ ချောင်းများ၊ မြောင်းများအတွင်း ရေသိုလှောင်နိုင်ရေးအတွက် ဆည်၊ တာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းများအသုံးပြုရေး ရေရှည်အသုံးပြုနိုင်မည့် စီမံကိန်းများချမှတ်လျက်ရှိ**

ရေရှည်အသုံးပြုနိုင်မည့် မြစ်ရေတင်စီမံကိန်းများ ဖြစ်ပေါ်လာစေရန်အတွက် မြစ်ရေတင်လုပ်ငန်းများကို ဆိုလာစနစ်ဖြင့် တိုးချဲ့တပ်ဆင်ဆောင်ရွက်လျက်ရှိသည်။

**ဈေးကွက်ဝင်သီးနှံ၊ စီမံကိန်းသီးနှံများ**

လယ်ယာလုပ်ငန်းခွင်တွင် စီးပွားရေးအရ တွက်ခြေကိုက်သော စပါး၊ မြေပဲ၊ နှမ်း၊ ပြောင်း၊ ပဲမျိုးစုံ၊ ကြံ အစရှိသည့်သီးနှံများ ယှဉ်ပြိုင်စိုက်ပျိုးကြသကဲ့သို့ ဈေးကွက်ဝင်သီးနှံ၊ စီမံကိန်းသီးနှံများလည်း စိုက်ပျိုးသင့်ပေသည်။ ယနေ့အချိန်တွင် နိုင်ငံစီးပွားမြှင့်တင်မှုအနေဖြင့် ဘက်ပေါင်းစုံမှ စီမံကြိုးစား ဆောင်ရွက်နေချိန်ဖြစ်သည်။ လယ်ယာကဏ္ဍတွင် နွေစပါး၊ ဆောင်းပဲတီ၊ နေကြာ၊ ဝါသီးနှံများ တိုးချဲ့စိုက်ပျိုးရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ သီးနှံအလိုက် ဧကတိုးချဲ့ရေးသာမက ဒေသရေမြေအလိုက် သီးထပ်စွမ်းအားမြှင့်တင်ရေးနှင့် အထွက်နှုန်းတိုးတက်ရေးသည် သီးနှံထုတ်လုပ်မှုလုပ်ငန်းများအတွက် အထွက်နှုန်းနှင့် ဝင်ငွေ တွက်ခြေကိုက်မှုကိုဖြစ်စေသည်။ စက်မှုလယ်ယာတစ်ခေတ် ကူးပြောင်းဆောင်ရွက်မှုအနေဖြင့် တောင်သူများနှင့် စက်မှုလယ်ယာဝန်ဆောင်မှု လုပ်ကိုင်သူများကို ပြောင်း၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ ကြံနှင့် အာလူးသီးနှံများကို Fully Mechanized ဖြင့် သရုပ်ပြစိုက်ပျိုးခြင်း၊ လယ်ထွန်စက်များကို ထွန်နှင့် ထယ်နှစ်မျိုးသာ အသုံးပြုလျက်ရှိရာမှ မြေပြင်၊ မျိုးစေ့ချ၊ ကြားပေါင်းလိုက်၊ ဆေးဖျန်း၊ ရိတ်သိမ်း အစအဆုံး ထွန်စက်နှင့် နောက်တွဲကိရိယာများ အသုံးပြုခြင်းများ သင်တန်းပေးလျက်ရှိသည်။

နိုင်ငံတော်သည် စားနပ်ရိက္ခာဖူလုံရေးအတွက် မြေနှင့် ရေအရင်းအမြစ်များကို အကျိုးရှိရှိသုံးစွဲရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် စနစ်တကျစီမံဆောင်ရွက်လျက်ရှိသည်။ မျိုးသန့်မျိုးစေ့ထုတ်လုပ်ရေးသည် သီးနှံအထွက်တိုးရေးအတွက် များစွာအထောက်အကူပြုသဖြင့် လယ်ယာလုပ်ငန်းခွင်အရောက် မျိုးကောင်းမျိုးသန့်အလုံအလောက်ရရှိရေး မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပို့ကုန်ထုတ်လုပ်ရေးအားပေးဆောင်ရွက်လျက်ရှိသည်။ လယ်ယာ သားငါးကဏ္ဍတွင် သီးနှံမျိုးစေ့ ထုတ်လုပ်ရေးလုပ်ငန်းသည် မရှိမဖြစ်အရေးပါသကဲ့သို့ မွေးမြူရေးဆိုင်ရာ နို့စားနွား၊ အသားစားနွား၊ ခိုင်းနွားများ တိုးပွားစေရေးအတွက် မျိုးရည်ခဲချောင်းထုတ်လုပ်ခြင်း၊ နိုက်ထရိုဂျင်အရည်ထုတ်လုပ်ခြင်း၊ မေထုန်မဲ့သားစပ်ခြင်းလုပ်ငန်းများကို မျိုးကောင်းမျိုးသန့်ပွားများနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်လျက်ရှိသည်။ မွေးမြူရေးငါးနှင့် ပုစွန်များ နိုင်ငံတကာဈေးကွက်တင်ပို့နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ငါး၊ ပုစွန်ထုတ်လုပ်မှုအခန်းကဏ္ဍ တိုးတက်ထုတ်လုပ်ရေး၊ အင်း၊ ဘုံ ငါးဖမ်းကွက်နှင့် မွေးမြူရေး ရေချိုငါး/ ပုစွန်ထုတ်လုပ်မှု၊ ရေငန်ငါး / ပုစွန် ထုတ်လုပ်မှုလုပ်ငန်းများ ဟန်ချက်ညီညီ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ဆန်၊ ပဲ၊ ပြောင်း၊ ဝါ၊ ဆီထွက်သီးနှံအထွက်နှုန်း ကောင်းမွန်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ ဆင်းရဲတော်မွတ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း ထောင်စုနှစ်ရည်မှန်းချက်များသတ်မှတ်ပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်(၁၇)ရပ်ပါ ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမှုအကျင့်ကောင်းများကို လက်ခံကျင့်သုံးလျက်ရှိသည်။ မြန်မာ့လယ်ယာမြေတစ်ခွင်တွင် အထွက်ကောင်းမျိုးများ ပိုမိုထုတ်လုပ်သုံးစွဲနိုင်ရေး၊ စိုက်ပျိုးရေရရှိရေး၊ လယ်ယာသုံးစက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေး၊ သွင်းအားစုနှင့်နည်းပညာများအား အချိန်ကိုက်အချိုးကျသုံးစွဲနိုင်ရေးနှင့် သုတေသနလုပ်ငန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ စွမ်းရည်ကောင်းများဖြင့် စားနပ်ရိက္ခာထုတ်လုပ်လျက် ပြည်တွင်း/ ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချနိုင်ရေး ရည်သန်ဆောင်ရွက်မှုသည် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းမှုစွမ်းပကားဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရန် ရေရှည်မြော်တွေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အားကစားသမားများအား ဆုချီးမြှင့်



နေပြည်တော် ဇန်နဝါရီ ၁၅

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့ကြသည့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အားကစားသမားများအား ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ နည်းပြဆရာများ၊ ဆုရအားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်ရရှိခဲ့ကြသော အားကစားသမားများနှင့် အသင်းအုပ်ချုပ်သူ နည်းပြများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ကြရာ အားကစားသမားများနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး အားကစားအသင်းများကိုယ်စား ပြေး၊ ခုန်၊ ပစ် အသင်းမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများအား တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပြီး ဂုဏ်ပြုညစာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပသို့သွားရောက်မည့် ခရီးသွားများအတွက် အကျိုးခံစားခွင့်ပေးသည့် ခရီးသွားအာမခံအကြောင်း ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာ့အာမခံလုပ်ငန်းတို့ ပူးပေါင်း၍ ပြည်ပသို့သွားရောက်မည့် ခရီးသွားများအတွက် အကျိုးခံစားခွင့်ပေးသည့် ကိုဗစ်-၁၉ ရောဂါ အကာအကွယ်အပါအဝင် ကိုယ်အင်္ဂါထိခိုက်မှုနှင့် ခရီးသွားအာမခံအကြောင်း ရှင်းလင်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်က လမ်းမတော်မြို့နယ်ရှိ ကုန်သည်စက်မှုအသင်းချုပ်( UMFCCI )တွင် ပြုလုပ်ရာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဝင် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။




ဦးစွာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်ပသို့သွားရောက်မည့် ခရီးသွားများအတွက် ကိုယ်အင်္ဂါထိခိုက်မှုနှင့် ကိုဗစ်-၁၉ ရောဂါ အကာအကွယ်ပါရှိသည့် အာမခံစာချုပ်များ ရောင်းချပေးမည့်အစီအစဉ်ရှင်းလင်းပွဲ ပြုလုပ်ရခြင်းကို ပြောကြားသည်။

ထို့နောက် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက ၁၉၅၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် မြန်မာ့အာမခံလုပ်ငန်းအကြောင်းကို ပြောကြားသည်။ မြန်မာ့အာမခံလုပ်ငန်းတွင် အထွေထွေအာမခံနှင့် အသက်အာမခံအမျိုးအစား ၄၀ ကျော်ဖြင့် ကာကွယ်မှုရယူနိုင်ပြီး အာမခံငွေများကို သုံးရက်မှ ငါးရက်အတွင်း ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိရာ ယုံကြည်စိတ်ချစွာဖြင့် ဝန်ဆောင်မှုရယူနိုင်ကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ မြန်မာ့အာမခံလုပ်ငန်း အရောင်းမြှင့်တင်ရေးဌာနမှ မန်နေဂျာ ဒေါ်ခိုင်ဆွေဦးနှင့် အသက်အာမခံဌာနမှ မန်နေဂျာ ဒေါ်တင်တင်ခိုင်တို့က အာမခံပေါ်လစီစာချုပ်များအကြောင်းကို ရှင်းလင်းပြောကြားရာတွင် အသက် တစ်နှစ်မှ ၇၅ နှစ်အတွင်း ရှိသူများသည် ခရီးသွားအာမခံထားရှိပါက ပြည်ပတွင်ရောက်ရှိနေထိုင်စဉ် ကိုဗစ်ရောဂါပိုး ကူးစက်ခံရခြင်း၊ မတော်တဆထိခိုက်ဒဏ်ရာရရှိခြင်း၊ ထာဝစဉ် မသန်စွမ်းဖြစ်ပေါ်ခြင်းတို့ ကြုံတွေ့ပါက အာမခံငွေ အပြည့်ရရှိနိုင်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။ မြန်မာနိုင်ငံတွင် လူဦးရေ နှစ်သန်းသာ အသက်အာမခံထားရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း ) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဖားကန့် | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၅ | ၂၂၀၅ | ၂၁၉၀ | ၂၁၇၀ | ၂၂၇၀ | ၂၂၈၅ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၅ | ၂၄၅၅ | ၂၇၇၅ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၅ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၅၅ | ၂၂၃၀ | ၂၃၃၀ | ၂၃၄၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၂၈၅၅ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၅၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၅ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၃၀ | ၃၃၇၅ |
| HSD (50 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၅ | ၂၆၄၅ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၁၀ | ၃၄၀၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၅ | ၂၆၄၅ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၈၀ | ၂၈၁၀ | ၃၄၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၇ | ၂၁၀၁ |
| 95 Ron | ၂၀၈၆ | ၂၁၆၂ |
| HSD (500 ppm) | ၂၂၉၆ | ၂၃၇၁ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၄၇ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၄၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ပုံပြင်

# ကြက်သီးမထသော လုလင်

မင်းယုဝေ

(ယခင်အပတ်မှအဆက်)

ဤတွင် ကျောင်းစောင့်မိန်းမသည် လှေကားခြေရင်းအနီးတစ်ဝိုက်သို့ လျင်မြန်စွာသွားရောက်ကြည့်ရှုရာ ခြေကျိုးလျက် အော်ဟစ်ညည်းတွားနေသော သူ့ယောက်ျားကို တွေ့ရလေ၏။ မိန်းမလည်း ယောက်ျားဖြစ်သူကို အိမ်သို့ တွဲ၍ခေါ်ဆောင်လာပြီး လျှင်ပြုစုသည်။ ထို့နောက် ချက်ချင်းပင် လုလင်၏ ဖခင်အိမ်သို့ ပြေးသွားကာ...

“သင်၏သားငယ်သည် ကျွန်ုပ်တို့ကို ဒုက္ခပေးလေပြီ၊ ကျွန်ုပ်၏ခင်ပွန်းကို သင့်သားငယ်သည် လှေကားပေါ်မှ ထိုးချသဖြင့် ယခုခြေကျိုးသွားပြီ၊ သင့်သားသည် အသုံးမဝင်သည်သာမက ဒုက္ခလည်းပေးတတ်သူဖြစ်သည်။ သည်သတ္တဝါကောင်ကို သင့်အိမ်သို့ ချက်ချင်း ပြန်ခေါ်ပါ”ဟူ၍ အော်ဟစ်ပြောဆို၏။

ဖခင်လည်း အထိတ်တလန့်ဖြင့် ကျောင်းစောင့်အိမ်သို့ အပြေးအလွှားလိုက်သွားကာ သားငယ်ကို...

“သင့်အပြုအမူမှာ အလွန်ဆိုးသွမ်းလှသည်။ သင့်ကိုယ်ထဲ၌ နတ်ဆိုးရောက်နေပြီ ထင်သည်”ဟု ကြိမ်းမောင်းပြောဆို၏။ သားငယ်ကလည်း..

“ဖခင်၊ သားမောင်၌ အပြစ်မရှိပါ။ ကျောင်းစောင့်သည် တစ်စုံတစ်ခုကို ဖောက်လှဲဖောက်ပြန်ပြုမည့်ဟန်ဖြင့် သားမောင်ရှေ့၌ လာရောက်တားဆီးပါသည်။ သားငယ်က သုံးကြိမ်တိုင် မေးမြန်းသတိပေးသော်လည်း မမူသဖြင့် ယခုကဲ့သို့ ထိုးရခြင်းဖြစ်ပါသည်”ဟု ရှင်းလင်းပြောပြ၏။ သို့ရာတွင် ဖခင်က လက်မခံဘဲ

“အို... သားမိုက်၊ သင်သည် ငါ့အား ဒုက္ခပေးရန်သက်သက် လူလာဖြစ်ဟန်တူသည်။ ငါသည် သင့်ကို လက်မခံနိုင်တော့ပါ။ ယခုပင် ငါ့ရှေ့မှောက်မှ ထွက်သွားပါ”ဟု နှင်လွှတ်လေသည်။ ထိုအခါ သားငယ်က...

“ဖခင်၊ သားမောင်ကို အလိုမရှိလျှင် နံနက်လင်းသောအခါ သားမောင်ထွက်သွားပါမည်။ သားမောင်သည် ကြက်သီးထတတ်လာအောင် လေ့လာဆည်းပူးပြီး မိမိဘဝကို မိမိထိန်းကျောင်းနိုင်အောင် ကြိုးပမ်းပါမည်” ဟုပြောဆို၏။ ဖခင်က...

“သင်နှစ်သက်ရာကို သင်ယူလေ့လာပါ။ သည်မှာ သင့်အတွက် ငွေငါးဆယ်ကို နောက်ဆုံးပေးခြင်းအနေဖြင့် ငါပေးလိုက်မည်။ နံနက်မိုးသောက်သည်နှင့် တစ်ပြိုင်နက် ထွက်သွားပါလေ့။ မည်သူက မည်သို့ပင် မေးမြန်းပါစေ၊ သင်မည်သူဖြစ်သည်ကိုလည်းကောင်း၊ သင့်အဘ မည်သူဖြစ်သည်ကိုလည်းကောင်း ပြောမပြပါနှင့်။ သင့်အတွက် ငါရှက်လှသည်”ဟု ပြောဆို၏။ သားငယ်ကလည်း ဖခင်စိတ်တိုင်းကျဖြစ်စေရပါမည်ဟုဆို၏။

နံနက်မိုးသောက်သော် သားငယ်သည် ဖခင်ပေးသော ငွေငါးဆယ်ကို အိတ်တွင်ထည့်လျက် ခရီးထွက်လေ၏။ သို့ခရီးထွက်စဉ်သူက “ကြက်သီး ထချင်စမ်းပါဘိ”ဟူ၍ နှုတ်မှတတွတ်တွတ် ရေရွတ်တမ်းတသွား၏။ ထိုအခိုက် လူတစ်ယောက်သည် သူ့အနီးမှ ဖြတ်သွားရာ သူ၏ရေရွတ်သံကို ကောင်းစွာကြားရ၏။ ဤတွင် ထိုသူက ရာဇဝတ်ကောင်များကို ကွပ်မျက်သည့် လက်ဝါးကပ်တိုင်ရှိရာနေရာသို့ လက်ညှိုးညွှန်လျက်...

“ထိုနေရာ၌ သစ်ပင်တစ်ပင်ရှိသည်။ ထိုသစ်ပင်ဝယ် လူခုနစ်ယောက်သည် လေထဲ၌ပျံဝဲရန် လေ့ကျင့်နေသည်။ ထိုသစ်ပင်အောက်သို့ သင်သွား၍ ထိုင်နေပါ။ ညဘက်သို့ ရောက်သောအခါ ကြက်သီးထသည်မှာ မည်ကဲ့သို့ရှိသည်ကို သင်မုချသိရပါလိမ့်မည်” ဟု ပြောဆို၏။ လုလင်က ...

“ကောင်းလှပါပြီ၊ ယခုပင် ထိုသစ်ပင်အောက်သို့ ကျွန်ုပ်သွားပါမည်။ သင်ပြောသည့်အတိုင်း ညအခါတွင် ကျွန်ုပ်ကြက်သီးထမည်ဆိုပါက သင့်အား ကျွန်ုပ်ပိုင်သည့် ငွေငါးဆယ်ကို ဆုချပါမည်။ နံနက်စောစောတွင်လာခဲ့ပါ”ဟု မှာကြား၏။

ထို့နောက် လုလင်သည် ထိုသူနှင့်ခွဲခွာကာ ထိုသူညွှန်ပြရာ သစ်ပင်အောက်သို့ သွားရောက်ထိုင်လျက် ညချိန်ရောက်ရန် စောင့်မျှော်နေလေသည်။ မကြာမီနေဝင်ကာ ညအချိန်သို့ရောက်လာပြီ။ နှင်းများလည်း ကျလာပြီ။ လုလင်သည် ချမ်းအေးလာသဖြင့် မီးဖို၍ မီးလှုံ၏။ အအေးဒဏ် ပြင်းထန်လာသည်နှင့်အမျှ လေအေးကလည်း တိုက်ခတ်လာရာ လုလင်မှာ များစွာချမ်းအေးနေလေသည်။

ထိုအခိုက် လေတိုက်ခတ်သဖြင့် သစ်ပင်ထက်တွင် လည်ပင်းကြိုးတန်းလန်းဖြင့် တွဲလဲကျသေဆုံးနေသော ရာဇဝတ်သားလူသေကောင်များသည် ဟိုသည် လှုပ်ရှားယိမ်းထိုးနေကြသည်။ တစ်ဦးကို တစ်ဦး ထိခိုက်မိကြသည်။ ဤတွင် စာနာစိတ်ရှိသော လုလင်က...

“မီးလှုံနေသော ငါသည်ပင်လျှင် သည်မျှချမ်းအေးနေပါက သစ်ပင်ထက်၌ ရှိသူများအဖို့ အဘယ်ဆိုဖွယ်ရာ ရှိတော့အံ့နည်း”ဟု ဆိုမြည်၏။ ထို့နောက် သူသည် သစ်ပင်ထက်သို့တက်ကာ လူသေကောင်တစ်ဦးစီတွင် ချည်နှောင်ထားသောကြိုးများကို ဖြေ၍ တစ်ဦးစီကို သယ်ဆောင်ကာ အနွေးဓာတ်ရစေရန် မီးဖိုဘေးတွင် ချထားပေး၏။ ဤတွင်လူသေကောင်အချို့၏အဝတ်အစားများကို မီးစွဲလောင်ရာ လုလင်က ငြိမ်းသတ်ပေးရင်း...

“သတိထား၍ မီးလှုံကြပါ၊ အဝတ်အစားများ လောင်ကျွမ်းသည့်တိုင် မိုက်မဲစွာ မီးလှုံလျှင်မူ သင်တို့ကို သစ်ပင်ပေါ်သို့ ပြန်ပို့ပေးရပါလိမ့်မည်”ဟု သတိပေးပြောဆို၏။

လူသေကောင်များကား မလှုပ်မရှား မီးဖိုဘေးတွင် လဲကျမြဲလဲကျနေရာ အဝတ်အစားများကို မီးစွဲလောင်ပြန်၏။ လုလင်လည်း စိတ်ဆိုးကာ လူသေကောင်များကို မူလနေရာဖြစ်သော သစ်ပင်ထက်တွင် ပြန်ထား၏။ ထို့နောက် မီးဖိုဘေးတွင် ငုတ်တုတ်ထိုင်လျက် နှစ်ခြိုက်စွာအိပ်စက်လေသည်။

နံနက်လင်းသောအခါ မနေ့က လမ်း၌တွေ့သူသည် ရောက်ရှိလာ၏။ သူက လူသေကောင်များနှင့် တစ်ညလုံးနေရသဖြင့် လုလင်သည် မုချထိတ်လန့်ကာ ကြက်သီးထနေတော့မည်။ သူအဖို့ ငွေငါးဆယ်ရတော့မည်ဟု မျှော်လင့်ထားလေသည်။ သို့ရာတွင် လုလင်က ညကအဖြစ်အပျက်များကို ပြောပြသောအခါ သူသည် များစွာစိတ်ပျက်သွားလေသည်။

“ကျွန်ုပ်ဘဝတွင် သည်လုလင်မျိုး တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးပါ”ဟူ၍ သူက မှတ်ချက်ချလေသည်။

လုလင်လည်း ခရီးဆက်ခဲ့ပြန်၏။ သို့ခရီးဆက်လာစဉ် လမ်း၌ သူက “ကြက်သီးထချင်စမ်းပါဘိ” ဟု ဆိုမြည်ပြန်၏။ ဤတွင် သူ့နောက်မှ လိုက်ပါလာသော မြင်းရထားသမားတစ်ဦးက ထူးဆန်းအံ့သြသဖြင့် အကျိုးအကြောင်း မေးမြန်း၏။

“လုလင်၊ သင် ဘယ်သူဖြစ်ပါသနည်း”

“ကျွန်ုပ် ပြောမပြနိုင်ပါ”

“လုလင်၊ သင့် ဖခင် မည်သူဖြစ်ပါသနည်း”

“ကျွန်ုပ် ပြောမပြနိုင်ပါ”


“သင် လမ်းခရီး၌ မည်သည့်အကြောင်းကို တတွတ်တွတ်ပြောဆို ညည်းတွားလာပါသနည်း”

“ကျွန်ုပ်သည် တစ်ကြိမ်တစ်ခါမျှ ကြက်သီးမထဖူးပါ။ ကြက်သီးထဖူးလိုပါ၍ လမ်း၌ တမ်းတလာခြင်းဖြစ်ပါသည်”

စာမျက်နှာ ၂၂ သို့ ✧

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

(ယခင်အပတ်မှအဆက်)



✧ စာမျက်နှာ ၂၀ မှ

"အို... သည်လိုဆိုလျှင် ကျွန်ုပ်နှင့်အတူ လိုက်ခဲ့ပါ၊ ကြက်သီးထသည်ကို သင်ကောင်းစွာ နားလည်သိရှိရပါလိမ့်မည်"

သို့ဖြင့် လုလင်သည် မြင်းလှည်းသမားနှင့်အတူ လိုက်ပါသွားရာ ညနေစောင်းတွင် တည်းခိုအိမ်တစ်ခုသို့ ဆိုက်ရောက်လေ၏။ ယင်းတည်းခိုအိမ်သို့ ဝင်သွားစဉ် လုလင်က "ကြက်သီးထချင်စမ်းပါဘိ" ဟူ၍ ဆိုမြည်ပြန်၏။

ထိုအခါ တည်းခိုအိမ်ရှင်က ရယ်မောလိုက်ပြီးလျှင်... "မပူပါနှင့်လုလင်၊ သင် ရဲတိုက်သို့ သွားပါကမုချ ကြက်သီးထသည်ကို ခံစားသိရှိရပါလိမ့်မည်" ဟုဆို၏။ ထိုအခါ အိမ်ရှင်မက...

"အမောင်၊ သည်လို မပြောလိုက်ပါနှင့်။ ရဲတိုက်သို့ သွားရန် ညွှန်ပြခဲ့သဖြင့် လူပေါင်းများစွာ သေကျေပျက်စီးခဲ့ရပြီမဟုတ်ပါလော။ ယခု သည်လုလင်ကလေးမှာ မျက်လုံးပြူးလေးနှင့် အလွန်တင့်တယ်လှပါသည်။ သူ့ခမျာ သေဆုံးသွားပါက နှမြောစရာဖြစ်တော့မည်"ဟု ခင်ပွန်းဖြစ်သူအား တားမြစ်ပြောဆို၏။

သို့ရာတွင် လုလင်က

"အို... ကျွန်ုပ်အတွက် ဘာမျှမကြောင့်ကြပါနှင့်။ ကြက်သီးထစေသည့် နည်းလမ်းရှိပါက ညွှန်ပြပါ။ ကျွန်ုပ် ယခုကဲ့သို့ အိမ်မှထွက်ခွာလာသည်မှာ အခြားရည်ရွယ်ချက်မရှိပါ။ ကြက်သီးထလို၍ ထွက်ခွာလာခြင်းဖြစ်သည်" ဟုပြောဆို၏။ ထိုသို့ ပြောဆိုပြီးလျှင် တည်းခိုအိမ်ရှင်က ထူးဆန်းသောရဲတိုက်ကြီးတွင် ညအခါ၌ သွားရောက်အိပ်ပါက မုချထိတ်လန့်တုန်လှုပ်ပြီး ကြက်သီးထရမည်ဟုဆိုကာ အကြောင်းစုံရှင်းလင်းပြောပြ၏။ **(ဆက်လက်ဖော်ပြပါမည်)**

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ကဗျာ

## ပန်ဆုယူသော်

✽ နေခြည်လင်းလင်း၊ မိုးရိပ်ကင်း၍
ပြာဝင်းစင်ပ၊ မိုးပြပြဝယ်
လှမ်းကြွဟန်ယူ၊ တိမ်ဆူဆူသည်
မဖြူတချို့ ဖြူတချို့။

✽ လေပြည်သွင်းသွင်း၊ ကန်တော်တွင်းမှ
ပျံ့သင်းချိုမြ၊ ယဉ်ယဉ်ခသော်
မြမြကြူကြူ၊ ပင်မဥူသည်
ကလူတချို့ မြူတချို့။

✽ ရွှေရည်ဝင်းဝင်း၊ သုံးလူ့မင်း၏
ရောင်ဆင်းကြွကြွ၊ ဝင်းပပလည်း
မြမြအေးလူ၊ တောရေးငူဝယ်
မပြူတချို့ ပြူတချို့။

✽ စေတီမင်းရင်း၊ ဆွေတသင်းနှင့်
ဖူးရင်းရိုတွ၊ ညွတ်ခကြသော်
ပန်သဆုယူ၊ မေနှင့်သူသည်
မတူတချို့ တူတချို့။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



လူမှု ၁၁၀

# လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## ကမ္ဘာကြီးကို ပင့်ကူအိမ်ဖွင့်သူ ဘားနားစ်လီး

### မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

ကမ္ဘာ့အကြီးကျယ်ဆုံး ဆန်းသစ်ဖန်တီးသူများတွင် အောလ်တီမိုသီဂျေဘားနားစ်လီး (All Timothy J.Berners–Lee) သည်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ သူပထမဦးဆုံး အလိုရှိခဲ့သည်က ရိုးစင်းသော ကွန်ပျူတာပရိုဂရမ်တစ်ခုသာဖြစ်သည်။ အဖွဲ့အစည်းများအား သတိရရေးကို အကူအညီပေးရန် သူ့လက်ချောင်းများပေါ်တွင် တင်ထားသော သတိပေးကြိုးမျှင်များကို ယင်းပရိုဂရမ်က ချည်နှောင်နိုင်သည်။ သူသည် ဗြိတိသျှနိုင်ငံဖွား ကွန်ပျူတာသိပ္ပံပညာရှင်ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်တွင် သူသည် ဂျီနီဗာ အနီးရှိ နျူကလီးယားသုတေသနအတွက် ဥရောပအဖွဲ့အစည်းဖြစ်သော Cern တွင် အလုပ်လုပ်နေစဉ် Cern ရူပဗေဒပညာရှင်များက စမ်းသပ်မှုများကို ခွဲခြမ်းစိတ်ဖြာရန်အသုံးပြုနေသော ကွန်ပျူတာများနှင့် မျက်ခြည်ပြတ်သွားသည်။ ထို့နောက် သူသည် Cern ၏ သုတေသီ ၅၀၀၀ သို့ virtual memory ချိတ်ဆက်မှုများဖြစ်သော hitler နှင့် yon ကို တိုးချဲ့ရန် ဆုံးဖြတ်ခဲ့ပြီး တစ်နေရာတွင် ကွန်ပျူတာတစ်လုံးနှင့် တစ်စုံတစ်ယောက်ရှိနေစေရန် ဆောင်ရွက်ဖြစ်သည်။ သူ၏ ရိုးစင်းသောပရိုဂရမ်မှာ Big Bang ဖြစ်သည်။ ယင်းသည် World Wild Web ဆီသို့ ရုတ်တရက် အကြီးအကျယ်ပြောင်းလဲဖြစ်ပေါ်ခဲ့သည်။

Web သည် ၁၉၉၁ ခုနှစ်တွင် ယင်း၏ ပွဲဦးထွက်ပြုလုပ်ခဲ့သည့်တိုင်အောင် လူအများစုက ယင်းသို့ ဆက်သွယ်ထားမှုအတွက် လိုအပ်မှုကို ဆုပ်ကိုင်ရန် ခက်ခဲသောအချိန် ကြုံခဲ့ရသည်။ Cern စီမံခန့်ခွဲမှုပင်လျှင် ယုံကြည်မှုကင်းမဲ့ခြင်းခံရသည်။ ယနေ့ခေတ်တွင် ဘားနားစ်လီး၏အယူအဆသည် အဘယ်ကြောင့် အမြဲတမ်းနက်နဲလှသည်ကို ရှင်းပြရန်ခက်ခဲလှသည်။

မက်ဆာချူးဆက် စက်မှုတက္ကသိုလ်တွင် အခြေစိုက်သော World Wild Web အဖွဲ့အစည်း၏ အကြီးအကဲအနေဖြင့် ဘားနားစ်လီးသည် ဂလိုဘယ်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သည်။ Web အသစ်ဖြစ်သော Semantiz Web သည် ကွန်ပျူတာများကို တစ်ဦးပြီး တစ်ဦး အလိုအလျောက်နားလည်ရန် အကူအညီပေးသည်။ စက်များသည် လူသားတစ်ဦးလိုအပ်သော Chore များကို အီလက်ထရွန်နစ် အမြန်နှုန်းများတွင် ယင်းနှင့်အတူပြုလုပ်လိမ့်မည်ဖြစ်သည်။ ယင်းတို့သည် ကိရိယာများကို တပ်ဆင်လိမ့်မည်။ ယင်းကိရိယာများသည် ကွဲပြားသော data base များ၊ spread sheet နှင့် ဒစ်ဂျစ်တယ်ပုံရိပ်များမှ တိကျသောသတင်းအချက်အလက်နှင့် လွတ်လွတ်လပ်လပ် ချိတ်ဆက်ပေးမှုများ လိုက်ပါဆောင်ရွက်နိုင်ရန် စွမ်းဆောင်ပေးသည်။ စစ်မှန်သောကမ္ဘာကြီးတွင် လူများ၊ အရာဝတ္ထုများနှင့် အဖြစ်အပျက်များကို ဖော်ပြခြင်းဖြင့် semantic web အလုပ်လုပ်သည်ဟု ဘားနားစ်လီးက ဆိုသည်။ ယင်းပစ္စည်းများနှင့် အချက်အလက်များ မည်သို့ဆက်နွယ်နေသည်ကို ကွန်ပျူတာသို့ ရှင်းပြနေသည်ဟု သူကဆိုသည်။ ဥပမာအားဖြင့် ကင်ဆာသုတေသီများသည် web အသစ်ပေါ်တွင် သင့်တော်ဆက်နွယ်သော အချက်အလက်အားလုံးကို အပြန်အလှန်ဆက်သွယ်ပေးသည့် ပရိုဂရမ်များသို့ ပေးပို့နိုင်လိမ့်မည်ဖြစ်သည်။ ယင်း web တွင် ဆရာဝန်များနှင့် ဇီဝနည်းပညာသုတေသီများ ဘယ်တော့မှမမြင်ဖူးသော သဟဇာတမဖြစ်သော ဓာတုဗေဒနှင့် ရူပဗေဒမော်ကွန်းများတွင် သိမ်းဆည်းထားသည့် သတင်းအချက်အလက်များပါဝင်သည်။ သို့ရာတွင် ယင်းအမြင်ကို ရောင်းချခြင်းသည် ခက်ခဲသည်ဟု ဘားနားစ်လီးက ဆိုသည်။

ဘားနားစ်လီး ရှာဖွေတွေ့ရှိမှုသည် တစ်စိတ်တစ်ပိုင်းအားဖြင့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နိုင်သည်။ အကြောင်းမူကား သူသည် သူ၏သီးသန့်တည်ရှိမှုကို နာမည်ဆိုးဖြင့် ကျော်ကြားစွာ အကာအကွယ်ပေးသောကြောင့်ဖြစ်သည်။ သိသာထင်ရှားသည်မှာ သူ၏ရွေးချယ်မှုအချို့မှာ အတွေးအမြင်ပဓာနဝါဒီဖြစ်နေခြင်းပင်ဖြစ်သည်။ သူ့အသက် (၃၅) နှစ်အရွယ် ၁၉၉၀ ပြည့်နှစ်တွင် သူသည် သူ့ Web ဆော့ဖ်ဝဲကို မူပိုင်ခွင့်မှတ်ပုံတင်မလုပ်ရန် ရွေးချယ်ခဲ့သည်။

Web များသည် ချမ်းသာကြွယ်ဝသော ဆော့ဖ်ဝဲပေါ်တွင်သာ အခြေခံလျှင် မိုက်ခရိုဆော့ဖ်၊ IBM နှင့် Apple ကွန်ပျူတာတို့၏ ကြိုက်နှစ်သက်မှုများဖြင့် အခြား Web များစွာ၏တိုးတက်မှုကို ယင်းက အစပျိုးပေးသည်ဟု ဘားနားစ်လီးက စိုးရိမ်ပူပန်သည်။ အကယ်၍ Web များကို အံ့ဝင်ခွင်ကျတွဲဖက်မသုံးနိုင်ခဲ့လျှင် နေရာတိုင်း၊ လူတိုင်းသို့ ဆက်သွယ်နေသော သူ့အမြင်သည် မည်သည့်နေရာကိုမျှ သွားမည်မဟုတ်ချေ။

**၁၉၈၀ ပြည့်နှစ်တွင် သူသည် ဂျီနီဗာ အနီးရှိ နျူကလီးယားသုတေသနအတွက် ဥရောပအဖွဲ့အစည်းဖြစ်သော Cern တွင် အလုပ်လုပ်နေစဉ် Cern ရူပဗေဒပညာရှင်များက စမ်းသပ်မှုများကို ခွဲခြမ်းစိတ်ဖြာရန်အသုံးပြုနေသော ကွန်ပျူတာများနှင့် မျက်ခြည်ပြတ်သွားသည်။ ထို့နောက် သူသည် Cern ၏ သုတေသီ ၅၀၀၀ သို့ virtual memory ချိတ်ဆက်မှုများဖြစ်သော hitler နှင့် yon ကို တိုးချဲ့ရန် ဆုံးဖြတ်ခဲ့**

Amazon.com မှ jeffrey P.Bezos က သူတို့၏ ကျေးဇူးရှင် ဘားနားစ်လီးသည် ဆုနှင့်ထိုက်တန်သည်ဟု ပြောဆိုခဲ့သည်။ ဘားနားစ်လီးသည် လွန်ခဲ့သောဇွန်လက ဆုရရှိခဲ့ပါသည်။ ဘားနားစ်လီး၏ (၄၉) နှစ်မြောက် မွေးနေ့အပြီး တစ်ပတ်အကြာတွင် သူသည် ယူရိုငွေတစ်သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂သန်း လက်ခံရယူရန် ဟဲလ်စင်းကီး (Helsinki) သို့ သွားခဲ့သည်။ ပထမဦးဆုံး Winner of the Millennium Technology Prize ကိုရရှိသောကြောင့်ဖြစ်သည်။ ယင်းဆု၏ရန်ပုံငွေကို ဖင်လန်နိုင်ငံအစိုးရနှင့် စက်မှုလုပ်ငန်းကထူထောင်ထားသည်။ နိုဘယ်ဆုတွင် အင်ဂျင်နီယာ သို့မဟုတ် ကွန်ပျူတာသိပ္ပံပညာဆု မရှိသည့်အတွက် နည်းပညာတွင် အောင်မြင်မှုများကို ဂုဏ်ပြုသောဆုကို ချီးမြှင့်ခြင်းဖြစ်သည်။ ဟဲလ်စင်းကီးတွင် ဘားနားစ်လီးက Web သည် တည်ရှိနေသော အရာများစွာ၏ အမျိုးမျိုးပါဝင်ပေါင်းစပ်မှုတစ်ခုဖြစ်သည်ဟု ဣန္ဒြေရရရှင်းပြခဲ့သည်။ ယင်းအရာများတွင် သူ့အနေဖြင့် မဆိုစလောက်သော ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်နိုင်သော်လည်း ကမ္ဘာကြီးကို အတူတကွ ပိုမိုနီးကပ်လာအောင် သယ်ဆောင်ပေးခဲ့သည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂၅၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ကိုးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၂၅၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၇၉,၇၄၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၇၅၀)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၄,၂၂၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၉၀)ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၄-၁-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၆၅,၀၅၄) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၀၅,၄၃၃) ဦး တို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၄-၁-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၆၅,၀၅၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၀၅,၄၃၃ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကန်ဦးပရိယတ္တိစာသင်တိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မြိုင်သဇင်ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဥဿာသီရိပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မလောကကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မဟာဗောဓိ ဗုဒ္ဓဂါယာကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ အောင်မော်စံစာသင်တိုက်၊ တာမွေမြို့နယ်ရှိ အောင်မြေဗောဓိ ဓမ္မရိပ်သာအလိုတော်ပြည့်ကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ ကန်ဦးကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဓမ္မဒူရတောရကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပုညဝတီကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ တောင်ဆင်တဲကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဓမ္မသုခကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မဟာဗောဓာရုံကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်လင်မြို့နယ် ခဲလောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

လှိုင်လင် ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပင်လုံအရှေ့ ကျေးရွာအုပ်စု ခဲလောင်းကျေးရွာ၌ကျင်းပသည်။

ရှေးဦးစွာ လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီ



ဖွဲ့စည်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ခဲလောင်းကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်၊ လိုအပ်သော ငွေအရင်းအနှီးများ ရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ခဲလောင်းကျေးရွာတွင်မြစိမ်းရောင် ကျေးရွာစီမံကိန်းမတည်ရန်ပုံငွေ ကျပ် ၃၈ ဒသမ ၇၀၇၅ သန်းဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**၂၂၂**

## ညောင်တုန်းမြို့၌ ပညာရေးစုံညီပွဲတော်(မြို့နယ်အဆင့်)ဘက်စုံထူးချွန်ဆုပေးပွဲ ကျင်းပ

ညောင်တုန်း ဇန်နဝါရီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ (၂၀၂၂-၂၀၂၃)ပညာသင်နှစ် (မြို့နယ်အဆင့်) ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးကျော်စိုးလှိုင်က ပညာရေးဆိုင်ရာအကြောင်းအရာများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက်ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံဆုနှင်းသဘင်အခမ်းအနားကိုကျင်းပရာ (၂၃)ကြိမ်မြောက် ဆို၊ က ၊ ရေး၊ တီး ပြိုင်ပွဲတွင် တိုင်းအဆင့်ဆုရကျောင်းသား ကျောင်းသူများ၊ တိုင်းအဆင့်သင်္ချာထူးချွန်နှင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ မြို့နယ်ဘက်စုံထူးချွန်လူရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲ၊ ကဗျာ၊ စာစီစာကုံးဆုရရှိသူများ၊ မြို့နယ်/ခရိုင်/တိုင်း အဆင့် ကဗျာ၊ စာပေ၊ ဂီတ၊ အားကစားထူးချွန်နှင့် ဘက်စုံထူးချွန်ဆု စုစုပေါင်း ၂၄၁ ဦးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ပညာရေးမှူး ဦးကျော်စိုးလှိုင်၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ချင်းတောင်ပေါ်က ကျေးလက်လမ်း

**ခရမ်းစိုးမြင့်**

ချင်းပြည်နယ်သည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်မှစ၍ "ချင်းဝိသေသတိုင်း"အဖြစ် တည်ရှိခဲ့ပြီး အများပြည်သူတို့၏ဆန္ဒနှင့်အညီ ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့မှစ၍ "ချင်းပြည်နယ်" အဖြစ် ရပ်တည်လျက်ရှိသည်။ ၂၀၁၅ ခုနှစ်အထိ နေထိုင်ကြသော ချင်းတိုင်းရင်းသားမျိုးနွယ်စု ၅၆ စုရှိသည်ဟု သိရပြီး ပြည်နယ်အကျယ်အဝန်းမှာ ၈၉၀၀၄၅၉ ဧက ကျယ်ဝန်းသည်။

စိမ်းညို့မှိုင်းမှိုင်းတောင်တန်းကြီးများပေါ်ရှိ အဆိုပါချင်းပြည်နယ်သို့သွားရန် ကျွန်တော်သည် မြန်မာ့လေကြောင်းလိုင်းဖြင့် ရန်ကုန်မှ လိုက်ပါခဲ့ရာ ကလေးလေဆိပ်သို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိသည်။ ကလေးလေဆိပ်မှ ကားဖြင့် ထွက်ခဲ့ရာ ချင်းပြည်နယ်၏ ခရိုင်မြို့တစ်မြို့ဖြစ်သော ဖလမ်းမြို့သို့ ညနေပိုင်းတွင်ရောက်ရှိခဲ့ပြီး ချင်းပြည်နယ်ခရီးအစ ပထမညအဖြစ် အိပ်ခဲ့သည်။ နောက်တစ်နေ့တွင် ချင်းပြည်နယ်၏ ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကားနှစ်စီးဖြင့် ကျေးလက်လမ်းများရှိရာသို့ ထွက်ခဲ့ကြသည်။ ပထမဆုံးရောက်ခဲ့သည်က ချင်းပြည်နယ် ဖလမ်းမြို့နယ် တလပ်လွှန်-ခဲင်ကန်-ခေါ်ရွာ-ကျဲရ်မွှန်လမ်းပိုင်းဖြစ်သည်။



ချင်းပြည်နယ် ဖလမ်းမြို့နယ်ရှိ ရိဒ်ရေကန်ကြီးကို တွေ့ရစဉ်။

**အိမ်ခြေ ၁၈၄ အိမ်၊ လူဦးရေ ၈၆၉ ဦး**

တလပ်လွှန်-ခဲင်ကန်-ခေါ်ရွာ-ကျဲရ်မွှန်လမ်းသည် ဖလမ်း-ရိဒ်-ရေကံလမ်း မိုင်တိုင် ၆ မိုင် ၃ ဖာလုံ (တလပ်လွှန်ဒေသ)မှ ခဲင်ကန်-ခေါ်ရွာ-ကျဲရ်မွှန်ကျေးရွာများကိုဖြတ်ကာ ဖလမ်း-ရိဒ်-ရေကံလမ်း မိုင်တိုင် ၉ မိုင် ၆ ဖာလုံနှင့် ၉ မိုင် ၇ ဖာလုံကြားသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းဖြစ်သည်။ ဖလမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လမ်းအဆင့်သတ်မှတ်ချက် "A" စာရင်း၌ ပါဝင်ပြီး ကျေးရွာ ငါးရွာ၊ အိမ်ခြေ ၁၈၄ အိမ်၊ လူဦးရေ ၈၆၉ ဦးတို့အား အကျိုးပြုသော ရွာချင်းဆက်လမ်းမကြီးဖြစ်သည်။

အဆိုပါလမ်းသည် ယခင်က လမ်းအရှည်(၆/၄) မိုင်ရှိသော ကျေးရွာချင်းဆက် ဆိုင်ကယ်လမ်းဖြစ်ရာ ကားလမ်းအဖြစ် ဖောက်လုပ်ရာတွင် လမ်းအူကြောင်း ပြောင်းလဲဖောက်လုပ်သည့်အပိုင်းများရှိခြင်းကြောင့် လက်ရှိတွင် လမ်းအရှည်(၇/၄)မိုင်ရှိပါသည်။

ကျွန်တော်တို့သည် အဆိုပါ ကျေးလက်လမ်းအတိုင်း ခရီးဆက်ခဲ့ရာ မွန်လွှရွာကိုအရောက်တွင် မျှော်လင့်မထားသော ကျေးရွာလူထု၏ကြိုဆိုမှုကို တွေ့လိုက်ရသည်။ တစ်ရွာလုံး တန်းစီ၍ နှုတ်ဆက်သည်။ ကျေးလက် သားပျို သမီးပျိုလေးများက တူညီဝတ်စုံဝတ်၍ ဇော်(လ်) ခါစီရယ်အကဖြင့် ကပြဖျော်ဖြေကြသည်။ ထိုရွာလေးသည် ဖလမ်းမြို့မှ ၅၇ မိုင် ၄ ဖာလုံဝေးသည့် အိမ်ခြေ ၃၀ ရှိပြီး ချင်းလူမျိုး ၁၇၅ ဦး နေထိုင်၍ နွားနောက်မွေးခြင်း၊ ကိုင်းစိုက်ခြင်း၊ စပါးစိုက်ခြင်း၊ ဆေးရွက်ကြီးများစိုက်ပျိုးခြင်းကို လုပ်ကိုင်စားသောက်ပြီး အေးချမ်းသာယာသော ချင်းတောင်တန်းများပေါ်မှ ရွာကလေးတစ်ရွာဖြစ်သည်။

**ရိဒ်ရေကန်ကြီးသည် ပေ ၆၀ လောက်နက်**

ကျွန်တော်တို့သည် ထိုရွာမှ ခရီးဆက်ခဲ့ရာ ညနေပိုင်းတွင် ကမ္ဘာကျော် ချင်းပြည်နယ်မှ ရိဒ်ရေကန်ကြီးရှိရာ ရိဒ်ခေါဒါရ်မြို့သို့ ရောက်ရှိခဲ့သည်။ ချင်းတောင်တန်းကြီးများ ပတ်ခွေဝန်းရံထားသောကြားတွင် အသည်းပုံရိဒ်ရေကန်ကြီးသည် ကျွန်တော့်အဖို့ အမြင်ဆန်းလွန်းလှသည်။ ကန်၏အပေါ် ပေ ၂၀ လောက်မှ ကန်ကိုကြည့်ရသော်လည်း ကန်တွင်းရှိ ရေများ ကြည်လင်စိမ်းလဲ့နေသည်ကို အတိုင်းသားတွေ့နေရသည်။ ရိဒ်ရေကန်ကြီးသည် ပေ ၆၀ လောက်နက်သည်။ ကန်ရေသည် တစ်နှစ်တစ်ကြိမ်၊ ဒီဇင်ဘာလတွင် နောက်သည်။ အင်္ဂလိပ်အစိုးရလက်ထက်က ကန်မှ ရေများကို သံပိုက်များဖြင့် ရေမြောင်းသွယ်၍ ဖောက်ထုတ်ခဲ့ကြသောသူများ ကန်ရေများမခန်းခင် ကန်တွင်းမှ နဂါးနှစ်ကောင် ရေပေါ် ထောင်ပေါ်လာပြီး လှုပ်ယမ်းခဲ့သဖြင့် ရေများဖောက်ထုတ်နေသော သံပိုက်လုံးများပြိုကျကာ ကန်ရေဖောက်ထုတ်သူအားလုံး သေဆုံးသွားခဲ့ဖူးသည်ဟု ဆိုကြသည်။ ထိုအချိန်ကတည်းက ကန်မှ ရေဖောက်ထုတ်ရန် မည်သူမျှ လုပ်ရဲတော့ဟုဆိုသည်။ ရိဒ်ရေကန်မှရေများ နွေရောမိုးပါ ရေလျှံခြင်း၊ ရေခန်းခြင်းမရှိဟုဆိုသည်။ ထိုနေ့ညက ရိဒ်ရေကန်အနီးရှိ ပြည်ထောင်စုရိပ်သာ၌ ညအိပ်ကြသည်။

ကျွန်တော်သည် ညကအိပ်ခဲ့သော ရိဒ်ပြည်ထောင်စုရိပ်သာမှ စောစောထွက်ခဲ့ပြီး ရိဒ်ရေကန်ဘေးရှိ စားသောက်ဆိုင်၌ အဆာပြေစားရင်း ရေကန်ကြီးကို အနီးကပ်ကြည့်ရှုနေမိသည်။ မကြာခင် ကျွန်တော် ရိဒ်ရေကန်မှခွာ၍ ရိဒ်ခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယနယ်စပ် တံတားလေးပေါ် ဖြတ်ကူးကြည့်သည်။ တံတားလေးသည် ပေ ၁၀၀ လောက်သာရှိသော သံပြားခင်းဘေလီတံတားဖြစ်သည်။ တံတားပေါ်မှဖြတ်ကူး၍ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ရှိ တောင်ကုန်းတစ်ခုပေါ်တက်ပြီး ချင်းပြည်နယ်ကို လှမ်းမျှော်ကြည့်လိုက်သည်။ စိမ်းညို့ညို့အရောင်နှင့် မြင့်မားသည့်တောင်တန်းကြီးများ၊ ကျေးငှက်သံများ၊ ချင်းတိုင်းရင်းသားတို့၏ ဗုံမောင်းသံများ၊ နွားနောက်ချိုးမှုတ်သံများ၊ ရိုးရာအက၊ ရိုးရာအလှနှင့် တောင်တန်းကြီးများ၏ အောက်ခြေတွင် ကွေ့ပတ်စီးဆင်းနေသည့် စမ်းချောင်းကလေးများ စသည်တို့ကို ကျွန်တော့်စိတ်ထဲမှ မြင်နေရသည်။ အဆိုပါအလှတရားများသည် ချင်းတောင်တန်းပေါ်တွင် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ရှိသည်များဖြစ်သည်။

**အမြင့်ဆုံးတောင်မှာ ဝိတိုရိယ၊**
**အရှည်ဆုံးမြစ်မှာ ကုလားတန်မြစ်**

ချင်းပြည်နယ်သည် မြေမျက်နှာသွင်ပြင်အနေအထားအရ မြောက်ဘက်တွင် ပေ ၈၀၀၀ ကျော်၊ တောင်ဘက်တွင် ပေ ၁၀၀၀၀ ကျော်မြင့်သော တောင်ကြောများရှိသည်။ ချင်းပြည်နယ်၏ အလယ်ဗဟိုမှ ရေဝေကုန်းတန်းများအဖြစ် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိပြီး ပြည်နယ်၏ အလယ်သို့ရောက်သောအခါ အနောက်ဘက်သို့ ယိမ်းသွားသည်။ ပြည်နယ်အတွင်း အမြင့်ဆုံးတောင်မှာ ဝိတိုရိယ (ခ) ခေါ်နူးစုမ် (ခ) နတ်မတောင်ဖြစ်ပြီး အမြင့်ပေ ၁၀၅၀၀ နှင့် အရှည်ဆုံးမြစ်မှာ ကုလားတန်မြစ်ဖြစ်သည်။

ဘွေနူးမြစ်သည် ဖလမ်းမြို့နယ်တွင် မြစ်ဖျားခံ၍ ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်အကြား တောင်ဘက်သို့ စီးဆင်းပြီး ထန်တလန်မြို့နယ် အိန္ဒိယနိုင်ငံအတွင်း ၎င်းမှတစ်ဆင့် ရခိုင်ပြည်နယ် ပလက်ဝမြို့နယ်မှ ကုလားတန်မြစ်အတွင်း စီးဝင်သွားသည်။ မန်ပူရ်မြစ်သည် အိန္ဒိယနိုင်ငံတွင် မြစ်ဖျားခံ၍ တွန်းဇံ၊ တီးတိန်၊ ဖလမ်းမြို့နယ်များသို့ ဖြတ်သန်းပြီး ကလေးမြို့နယ် မြစ်သာမြစ်အတွင်းသို့ စီးဝင်သွားသည်။

ကျွန်တော်သည် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှ ပြန်လာခဲ့ပြီးနောက် ကားပေါ်တက်၍ ကမ္ဘာကျော် ရိဒ်ရေကန်သွား ကျေးလက်လမ်းအတိုင်း ကျဲရ်မွှန်-ခေါ်ရွာ-ခဲင်တန်-တလပ်လွှန် ကျေးရွာတို့ကိုဖြတ်၍ ဖလမ်းသို့ ပြန်ခဲ့သည်။ မွန်လွှရွာတွင် မွန်လွှ-ဘွမ်နဲလ်လမ်းရှိသည်။ ထိုလမ်းကို ဖလမ်းမြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ Pilot Project ဖြင့် ဖောက်လုပ်ထားသော ဆဒက်-သီးကျိုရ်-မွန်လွှ-ကော့သဲ-လျှန်နှာ (ဟ) လျှန်နှာ (သ)-တီအိုချောင်းလမ်း လမ်းအရှည်မိုင် ၂၁ ဒသမ ၆ မိုင်ပေါ်ရှိ မိုင်တိုင်အမှတ် ၉ ဒသမ ၄ ၌ တည်ရှိသော မွန်လွှကျေးရွာမှ ဘွမ်နဲလ်ရွာခင်းသို့သွားသော လမ်းဖြစ်သည်။ **စာမျက်နှာ ၂၄ သို့** ❑



ရိဒ်ရေကန်သွားလမ်းဖြစ်သည့် တလပ်လွှန်-ခဲင်ကန်-ခေါ်ရွာ-ကျဲရ်မွှန် ကျေးလက်လမ်းကို တွေ့ရစဉ်။

**"ချင်းပြည်နယ်သည် မြန်မာပြည်အစွန်အဖျားဒေသမှ ပြည်နယ်တစ်ခုဖြစ်သည့်အပြင် ၂၀၁၅ ခုနှစ်က သဘာဝဘေးဒဏ်ခံခဲ့ရပြီး တောင်ပြိုမြေပြိုဖြစ်ခဲ့သဖြင့် တောင်ပေါ်ကားလမ်းများ အများအပြားပျက်စီးခဲ့ရသည်။ တောင်ပြိုကျရာမှ ကားလမ်းပေါ်ကျနေသည့်မြေများကြောင့် ကားလမ်းဆက်သွယ်မှုမပြတ်တောက်ရအောင် လမ်းပိတ်မြေများဖယ်ရှားခြင်း၊ လမ်းချဲ့ခြင်းတို့ကိုသာ ဦးစားပေးပြုလုပ်ခဲ့ရပြီး ကတ္တရာအသစ်ခင်းခြင်းကို ဘဏ္ဍာငွေအခြေအနေအရ မဆောင်ရွက်နိုင်ခဲ့သောကြောင့် မြေသားလမ်းဖြစ်သွားသောအပိုင်းများက များသွားပြီး ချိုင့်ခွက်ပေါ်သောလမ်းများ ဖြစ်သွားရသည်ဟုဆိုသည်။ ရေလမ်းမရှိ၊ လေကြောင်းလမ်းကလည်း မပြီးသေးသော ချင်းပြည်နယ်သည် ကားလမ်းကိုသာ အားကိုးနေရသော ပြည်နယ်တစ်ခုဖြစ်"**



# ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၅

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထို့သို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၄ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထိန်ဝင်းနှင့် အဖွဲ့ဝင်များက ပဲခူးတပ်နယ် နယ်မြေခံတပ်ရင်းရှိ စံပြဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆည်ရေသောက်ဧရိယာများအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုစွမ်းအား တိုးမြှင့်ရေးကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၁၅

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အရင်းမပျောက် မတည်ငွေထောက်ပံ့ပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီးတွင် အသားတိုးကြက် ၂၅ ယူနစ်၊ အသားတိုးဝက် ယူနစ် ၂၀ အတွက် စုစုပေါင်းငွေကျပ် ၁၀၇၅ သန်းကို ချေးငွေလျာထား ဆောင်ရွက်ထားကြောင်း၊ မွေးမြူရေးလုပ်ကိုင်သူများဘက်က ဈေးကွက်နှင့် ကိုက်ညီသော အရည်အသွေးပြည့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရန်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမတွင် ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းမပျောက် မတည်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ရှင်းလင်းခြင်းအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။


ဆက်လက်၍ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးတို့က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် မွေးမြူရေးသုတေသနဦးစီးဌာန မွေးမြူရေးသုတေသနစခန်း၏ လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဝန်ကြီးက ဒေသမွေးမြူရေးလုပ်ငန်းအတွက် ထိရောက်စွာ အကျိုးပြုနိုင်မည့် သုတေသနနှင့် နည်းပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်ကျေးရွာအနီး မွေးမြူရေးဇုန်အဖြစ် အကောင်အထည်ဖော်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပွင့်ဖြူမြို့နယ် မဲဇလီဆည်ရေသောက်စနစ် ထိန်းသိမ်းပြုပြင်ခြင်း၊ တောင်မုန်းမြောင်းမကြီးပေတိုင် ၈၅၀၀၀ ရှိ NIP မြောင်းပေါင်ကျိုးပြတ်မှုမှ ကာကွယ်ရန် မြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး နွေစပါးဧရိယာများ စိုက်ပျိုးရေ အပြည့်အဝရရှိရေး စီမံဆောင်ရွက်ပေးရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

အလားတူ မြို့သစ်မြို့နယ် စွန်ချောင်းရေလှောင်



တမံ၏ တမံကြံ့ခိုင်မှုနှင့် စိုက်ပျိုးရေ၊ သောက်သုံးရေ ပေးဝေနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက သဘာဝဘေး ကြိုတင်ကာကွယ်ရေး၊ တမံကြံ့ခိုင်ရေးအတွက် သတ်မှတ်ချက်များအတိုင်း စနစ်တကျစစ်ဆေးရန်၊ ရေသောက်ဧရိယာအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှုစွမ်းအား တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

အဆိုပါ ရေလှောင်တမံသည် နှစ်စဉ် စိစစ်ဧက ၇၀၀၀ တွင် မိုးစပါး၊ နွေစပါး စိုက်ပျိုးခြင်းအတွက် စိုက်ပျိုးရေ လုံလောက်ပြည့်ဝစွာ ပေးဝေလျက်ရှိသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒေသခံတောင်သူများ ရေအသုံးချသူများအဖွဲ့(WUG)များနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်လုပ်ကိုင်ရေး၊ သီးထပ်စွမ်းအားတိုးမြှင့်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❑ စာမျက်နှာ ၂၃ မှ

## မွန်လှရွာ တောင်ကမူငယ်ပေါင်း ၄၇ ခုကျော်ဖြင့် ဖွဲ့စည်းထား

မွန်လှရွာအနီးရှိ ဘွမ်နဲလ်ရှုခင်းသည် အလွန်သာယာသောရှုခင်းဖြစ်ပြီး ၃ ဒသမ ၆ မိုင်ပတ်လည်ခန့် ကျယ်ပြန့်ကာ တောင်ကမူငယ်ပေါင်း ၄၇ ခုကျော်ဖြင့် ဖွဲ့စည်းထားသည်။ ရှုခင်း၏အလယ်၌ ကွေ့ကောက်စီးဆင်းသော ချောင်းငယ်ရှိပြီး အလွန်သာယာအေးမြသော ရာသီဥတုရှိသည့်ဒေသဖြစ်သည်။ ၎င်းဘွမ်နဲလ်ရှုခင်းသို့ ယခင်က ဒေသခံပြည်သူများသာမက အိန္ဒိယနိုင်ငံ မီဇိုးတိုင်းရင်းသားများပါ လာရောက်လည်ပတ်အပန်းဖြေလျက်ရှိသည်။ ယခုအခါတွင် ကမ္ဘာလှည့်ခရီးသည်များလည်း လာရောက်လည်ပတ် အပန်းဖြေလျက်ရှိကြသည်။

မွန်လှ-ဘွမ်နဲလ်လမ်းသည် ယခင်က ဒေသခံကျေးရွာများမှ ကိုယ်ထူကိုယ်ထဖောက်လုပ်ခဲ့သော လူသွားလမ်းသာဖြစ်ပြီး ခြေကျင်ခရီးဖြင့်သာ သွားလာရသည်။ တစ်နေ့တခြားများပြားလာသည့် ရှုခင်းကြည့်ရှုအပန်းဖြေသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၏ ၄-၃-၂၀၁၉ ရက်နေ့ ဖလမ်းမြို့နယ် ဆဒက်-သီးကျိရ်-မွန်လှ-ကော့သဲ-လျှန်နှာ (ဟ) လျှန်နှာ (သ) -တီအိုချောင်းလမ်း ကွင်းဆင်းစစ်ဆေးသည့် ခရီးစဉ်တွင် မွန်လှကျေးရွာသို့ ရောက်ရှိပြီး မွန်လှ - ဘွမ်နဲလ်လမ်းကို ကားလမ်းဖောက်လုပ်ရန် ဖလမ်းမြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက ကွင်းဆင်းတိုင်းတာခဲ့ကာ



ချင်းတောင်ပေါ်က ကျေးလက်လမ်းများကို တွေ့ရစဉ်။

ရန်ပုံငွေရရှိရေး တင်ပြတောင်းခံခဲ့ရာ ပြည်နယ်ရန်ပုံငွေကျပ် ၂၆၃ သန်း ရရှိသဖြင့် မွန်လှ-ဘွမ်နဲလ်လမ်း ၄/၀ မိုင်အား ၁၈ ပေ အကျယ် လမ်းသစ်ဖောက်လုပ်ခြင်းနှင့် လူသွားလမ်းအဖြစ် ၁/၀ မိုင်အတွင်း လိုအပ်သောနေရာတွင် ကွန်ကရစ်လှေကားထစ်နှင့် Steel လက်ရန်းပြုလုပ်ခြင်း၊ မြေကာနံရံနှင့် ကွန်ကရစ်ရေထုတ်ပြွန်များ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအား ၂၀၁၉ ခုနှစ် အောက်တိုဘာလမှစ၍ လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ယခုအခါ လမ်းဖောက်လုပ်ခြင်း ၁/၄ မိုင်ခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းအမြန်ပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွန်တော်တို့ မွန်လှမှပြန်တော့ ညနေစောင်းနေပြီဖြစ်သဖြင့် ဖလမ်းသို့ တောက်လျှောက်ပြန်ခဲ့ကြသည်။ ဖလမ်းဆောင်းအကြို ညအေးအေးလေးက ကျွန်တော်တို့အား ဆီးကြိုနေသည်။

နံနက်တွင် ကျေးလက်လမ်းဦးစီးဌာနက ဖလမ်းမှ အိန္ဒိယနယ်စပ် ရိဒ်ခေါဒါရ်ကျေးလက်လမ်း၊ မွန်လှ-ဘွမ်နဲလ် ရှုခင်းသာလမ်းအကြောင်းနှင့် ဖလမ်းခရိုင်မှ ပြုစုထားသော လုပ်ငန်းဆောင်ရွက်မှု တင်ပြချက်များစာအုပ်များကိုယူ၍ ဟားခါးသို့ ထွက်ခဲ့ကြသည်။ ဖလမ်း-ဟားခါးလမ်းသည် ကလေး-ဖလမ်းလမ်းကဲ့သို့မဆိုးသော နှစ်လမ်းသွား ကတ္တရာလမ်းဖြစ်သည်။ အကွေ့နေရာများ၌ ကားသုံးစီးမျှ ရှောင်ရအောင် တောင်များဖွဲ့၍ ချဲ့ထားသည်။ ချင်းပြည်နယ်သည် မြန်မာပြည်အစွန်အဖျားဒေသမှ ပြည်နယ်တစ်ခုဖြစ်သည့်အပြင် ၂၀၁၅ ခုနှစ်က သဘာဝဘေးဒဏ်ခံခဲ့ရပြီး တောင်ပြိုမြေပြိုဖြစ်ခဲ့သဖြင့် တောင်ပေါ်ကားလမ်းများ အများအပြားပျက်စီးခဲ့ရသည်။ တောင်ပြိုကျရာမှ ကားလမ်းပေါ်ကျနေသည့် မြေများကြောင့် ကားလမ်းဆက်သွယ်မှုမပြတ်တောက်ရအောင် လမ်းပိတ်မြေများ ဖယ်ရှားခြင်း၊ လမ်းချဲ့ခြင်းတို့ကိုသာ ဦးစားပေးပြုလုပ်ခဲ့ရပြီး ကတ္တရာ အသစ်ခင်းခြင်းကို ဘဏ္ဍာငွေအခြေအနေအရ မဆောင်ရွက်နိုင်ခဲ့သောကြောင့် မြေသားလမ်းဖြစ် သွားသောအပိုင်းများက များသွားပြီး ချိုင့်ခွက်ပေါသောလမ်းများ ဖြစ်သွားရသည်ဟု ဆိုသည်။ ရေလမ်းမရှိ၊ လေကြောင်းလမ်းကလည်း မပြီးသေးသော ချင်းပြည်နယ်သည် ကားလမ်းကိုသာအားကိုးနေရသော ပြည်နယ်တစ်ခုဖြစ်သည်။ ထို့ကြောင့် ကလေး-ဖလမ်းသွား အဓိကကားလမ်းများ ကောင်းကောင်းမွန်မွန်ရှိပါစေဟု ကျွန်တော်ဆုတောင်းနေမိပါသည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၃-၁-၂၀၂၃ ရက်မှအဆက်

အင်းလျားလမ်းရှိ အမှတ် (...) ကျွန်ုပ် အိမ်နှင့်မြေကို ကျွန်ုပ်၏သမီးအငယ် မော်အားပေးရန်လည်းကောင်း၊ ဘဏ်တွင်ရှိ ကျွန်ုပ်ပိုင် ငွေရှစ်သောင်းငါးထောင်ကို အောက်ပါအတိုင်း ခွဲဝေပေးရန်။

သမီးအလတ် 'မ' အား နှစ်သောင်းငါးထောင်ပေးရန်၊ သမီးအငယ် မော်အား နှစ်သောင်းငါးထောင်၊ ဇနီး ဒေါ်ခင်မျိုးသန့်အား သောင်းငါးထောင်၊ သမီးအကြီး မွန်အား နှစ်သောင်းပေးအပ်ရန်။

ကျွန်ုပ်ပိုင် ဘောက်ထော်က အမှတ် (...) ကို ကျွန်ုပ်၏ဇနီး ဒေါ်ခင်မျိုးသန့်အားလည်းကောင်း ပေးအပ်ရန်။

"တော်ပြီ တော်ပြီ ဒါပဲ။ ဒီစာတမ်းကို အများက ကျေနပ်မှာမဟုတ်ဘူးဆိုတာ ငါသိပါတယ်"

ဦးကျော်ဒင် စကားမဆုံးခင် ဒေါ်ခင်မျိုးသန့်က ဝင်၍ဖြတ်လိုက်သည်။

"ရှင် ကောင်းတယ်ထင်သလို လုပ်ပါ။ ဒါပေမဲ့ ကျုပ် အားလုံးရှေ့မှာ တစ်ခုတော့ပြောချင်တယ်"

ဦးကျော်ဒင်က သူ့လက်တစ်ဖက်ကို အားယူ၍ မြှောက်လိုက်ရင်း ဒေါ်ခင်မျိုးသန့်ကို လှမ်း၍တားလိုက်သည်။

"ငါ့မှာ စကားပြောချိန် နာရီပိုင်းလောက်ပဲရှိမယ်။ များများလည်း မပြောနိုင်ဘူး။ ဒီအိမ်ကြီးမှာ မင်းခြယ်လှယ်ချင်သလို ခြယ်လှယ်ခဲ့ပြီးပြီ။ မဖြစ်တန်တာတွေလည်း ဖြစ်ခဲ့ပြီးပြီ။ ငါရှိစဉ်မှာတော့ အကြောင်းမဟုတ်ဘူး။ ငါမရှိခဲ့ရင် ဒီထက် ဒုက္ခရောက်ကုန်မှာစိုးရတယ်။ ဒီတော့ အားလုံးအတွက် အသင့်မြတ်ဆုံးနဲ့ တရားနည်းလမ်း အကျဆုံး စဉ်းစားပြီးမှလုပ်တာ။ မင်းအတွက် ကားတစ်စီးနဲ့ ဖဲရိုက်စရာငွေရှိရင် တော်ပြီပေါ့။ မွန့်အတွက်တော့ ငါ့သမီးမှာ အိမ်ရှိပြီ။ ကိုယ့်ဆေးတိုက်နဲ့ ကိုယ်ထောင်ချင်ရင် ဒီနှစ်သောင်းဆိုတာ လုံလောက်ပါတယ်။ ကံဆိုးတဲ့ ငါ့သမီးနှစ်ယောက်ကို ဖေဖေ ပိုပေးတာ တရားပါတယ်ကွယ်။ မင်းတို့ ကျေနပ်ကြမှာပါ"

ဦးကျော်ဒင်သည် ပြောရင်း မောဟန်ဖြင့် အသာရပ်၍ထားလိုက်သည်။ ပြီးမှ မှိန်း၍နေလိုက်ပြန်သည်။

သည်တော့လည်း တစ်ခန်းလုံး ငြိမ်၍သွားတော့သည်။ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသည်။ ကိုဘခက်ကမူ 'မ' ကို အကဲခတ်ရင်း တစ်ချက်လှမ်းကြည့်လိုက်သည်။ ကိုဘခက်ကြည့်လိုက်သော အဓိပ္ပာယ်ကိုလည်း 'မ' က နားလည်ပြီး ဖြစ်သည်။

"သမီး ဒီအိမ်ကြီးကို မယူပါရစေနဲ့။ မေမေ့ကိုပဲ ပေးပါ ဖေဖေ။ ငွေလည်း ဖေဖေ ပေးတဲ့အတိုင်း..."

'မ' စကားကို ဒေါ်ခင်မျိုးသန့်က ကြားဝင်၍ ဖြတ်လိုက်သည်။

"အံမယ် ... အလွမ်းသယ်မနေစမ်းပါနဲ့။ ညည်း ဒီလိုပလီပလာတွေ များလွန်းလို့လည်း ညည်းအဖေက ညည်းကို ပိုပြီးရက်ရောနေတာပေါ့"

'မ' သည် ပြောမည့်စကားကို ရှေ့မဆက်နိုင်ဘဲ ဒေါ်ခင်မျိုးသန့်ကိုသာ ငေးကြည့်ရင်း မျက်ရည်များ စီးကျလာတော့သည်။ စေတနာကို ဝေဒနာဖြစ်သည့်အတွက် ဝမ်းနည်းမိလေသည်။

"ကိုယ်မွေးထုတ်တဲ့သမီးအကြောင်းကို နားလည်ဖို့ ကောင်းပါတယ် မေမေ၊ သမီး ဒါတွေသာမက်မောရင် ခုလိုမနေပါဘူး"

ဒေါ်ခင်မျိုးသန့်သည် တစ်ချက်မျှ မဲ့မဲ့ရွဲ့ရွဲ့ကြည့်လိုက်ပြီးလျှင် မွန့်ဘက်သို့ လှည့်ကြည့်လိုက်သည်။ မွန်က ဒေါ်ခင်မျိုးသန့်ကို ပြန်၍ကြည့်လိုက်ပြီးလျှင် တမင်တကာပင် အရေးမစိုက်ဟန်လုပ်၍ ခပ်ငေါ့ငေါ့ ပြောလိုက်သည်။

"တွက်ကတ်ရာကျပါတယ် မာမီ၊ ပြောမနေပါနဲ့။ ဒီလောက်ပစ္စည်းနဲ့ ငွေလောက်ကို မာမီ့အတွက် အရေးလုပ်စရာမလိုပါဘူး။ သူတို့ ခုလိုအခြေအနေလေး ရှိသွားတာပဲ ဝမ်းသာရမှာပဲ။ နို့မို့ရင် သူတို့အတွက် ကိုယ်ကဝင်ပြီး ရှက်နေရမှာ"

မွန်၏ တင်စီးလှသောစကားကို နားထောင်ရင်း 'မ' သာမက ကိုဘခက်ပါ မခံမရပ်နိုင်အောင် ရှိတော့သည်။

ထို့ကြောင့်လည်း ကိုဘခက်သည် မွန့်ကို ခပ်တင်းတင်းစိုက်၍ ကြည့်လိုက်သည်။

သို့ကြည့်လိုက်သည့်တိုင်အောင် မွန်ကမူ ကိုဘခက်ကို အလျဉ်းဂရုစိုက်ဟန် မရှိချေ။

ကိုဘခက်သည် မွန့်ကို ကြည့်နေရာမှ ဦးကျော်ဒင်ဘက်သို့ မျက်နှာလွှဲလိုက်သည်။

ဦးကျော်ဒင်သည် မျက်လုံးကို မှေးထားရာမှ တဖြည်းဖြည်း ဖွင့်လိုက်သည်။

ယခုလို တစ်ဖက်စီးနင်းနိုင်လှသော စကားများကို ကြားရပြန်တော့လည်း ကိုဘခက်စိတ်ထဲ၌ အမောက်ထောင်ပြလိုက်ချင်သည်။

" ဦးကို ကျွန်တော် တစ်ခုတောင်းပန်ပါရစေ၊ 'မ' အတွက်ရော ကျွန်တော်တို့နှစ်ယောက်အတွက်ပါ ဦးပေးတဲ့အခွင့်အရေးဟာဖြင့် နတ်သိကြားမလို့ရတဲ့ အခွင့်အရေးလောက် ကျေးဇူးကြီးလှပါတယ်။ ဒါပေမဲ့ ဒီအခွင့်အရေးဟာ ကျွန်တော်တို့နဲ့ မထိုက်တန်ပါဘူး။ ယူလည်း မယူလိုပါဘူး။ ဒီအခွင့်အရေးကို မယူဘဲ အရာရာ မညှိုးငယ်အောင်ထားဖို့ ကျွန်တော် ကတိပြုပါတယ်။ 'မ' ကို မိဘလက်ထဲမှာထားတဲ့ အဆင့်အတန်းထက် မနိမ့်ကျအောင်ထားဖို့ ကျွန်တော် ကတိပြုပါတယ်"

ဒေါ်ခင်မျိုးသန့်နှင့် မွန်တို့သည် ကိုဘခက်စကားကို နားထောင်ရင်း အချင်းချင်း လှမ်းကြည့်လိုက်သည်။ မော်က တစ်ချက်မျှ မဲ့လိုက်သည်။ ဦးကျော်ဒင်၏မျက်နှာကား ရုတ်ခြည်းပင် လန်းဆန်းလာသည်ဟု ထင်လိုက်ရသည်။

"မောင်ဘခက်ရဲ့ စေတနာ ဦး သာဓုခေါ်ပါတယ်။ ဒါပေမဲ့ ဦးဆုံးဖြတ်ချက်ကိုတော့ မပြင်ဘူးမောင်ရယ်၊ ပြင်ဖို့လည်း အချိန်မရဘူး။ သမီးသုံးယောက်ရှိတဲ့အနက် အကြီးကို စိတ်ချရသလောက် အငယ်နှစ်ယောက်အတွက် စိတ်မအေးနိုင်ဘူး။ အငယ်မအမိုက်အတွက် သာပြီး စိုးရိမ်သေးတယ်။ 'မ' အတွက်တော့ လူအနေနဲ့စိတ်ချတယ်။ မောင်ဘခက်ရဲ့ စိတ်ဓာတ်ကိုလည်း ယုံကြည်တယ်။ ဒါပေမဲ့ သင်းတို့နှစ်ယောက် ပင်ပန်းမှာ၊ ဆင်းရဲမှာ စိုးရိမ်တယ်။ မော့်အတွက်တော့ နည်းနည်းမှ စိတ်မချရဘူး။ မင်းတို့ အကြီးနှစ်ယောက်က သူ့ဖွဲ့မျိုးကိုခံပြီး ဆုံးမပေးကြပါ။ ဒီကလေး နောက်တစ်ကြိမ်မမှားဖို့ဟာ မင်းတို့နှစ်ယောက်ရဲ့ တာဝန်ပဲ။ ပြီးတော့လည်း မင်းတို့ သားအမိလေးယောက် စည်းစည်းလုံးလုံးနေတာ ငါကြည့်ချင်တယ်။ ငါသေမှ ငိုကြတာထက် မသေခင် ငါ့လိုလားမှု ဖြည့်စွမ်းတာက ငါ့အတွက် စိတ်ချမ်းသာတယ်။ ဒီလိုမှ မဟုတ်ရင်တော့ ငါဟာ မင်းတို့အတွက် သက္ကာယဒိဋ္ဌိမီးတောက်ပြီး အပါယ်လေးပါးကို ဆင်းရတော့မှာပဲ"

ဦးကျော်ဒင်၏စကားကို နားထောင်ရင်း 'မ' သည် ရင်ထဲ၌ အလိုလို ဆို့နင့်လာတော့သည်။ 'မ' ကို သာမက ဦးကျော်ဒင်၏စကားများသည် အားလုံး၏ စိတ်ကို လွှမ်းမိုးထိခိုက်စေသည်။

အမှန်၌ ဦးကျော်ဒင်၏ ဆန္ဒသည် ဒေါ်ခင်မျိုးသန့်နှင့် မွန်၊ မော်တို့အတွက် လိုက်လျောရန် လွယ်ကူလှမည်မဟုတ်ချေ။

အထူးသဖြင့် သူတို့ကိုယ်တိုင် ရွံမုန်းသော 'မ' နှင့် ပြန်လည်သင့်မြတ် ချစ်ခင်ရမည်ဆိုသည်မှာ သူတို့အတွက် အစဉ်းစားရခက်သော အလုပ်တစ်ခု ဖြစ်စေလိမ့်မည်။

သို့သော် ဦးကျော်ဒင်၏ဆန္ဒသည် ဤတစ်ကြိမ် နောက်ဆုံးဖြစ်မည်ကို နားလည်ထားကာ မငြင်းရဲအောင် ရှိတော့သည်။

'မ' ကမူ ဖခင်ကြီး စိတ်ချမ်းသာမှုအတွက် ရှေ့ဆုံးမှ ကတိပေးလိုက်သည်။

"ဖေဖေ့ဆန္ဒအတိုင်း တစ်သဝေမတိမ်း လိုက်နာပါ့မယ်။ ဖေဖေ သမီးအပေါ်မှာ အပြစ်ရှိတယ်ထင်ရင်လည်း သမီး မကျေကျေအောင် တောင်းပန်ပြီး သင့်မြတ်အောင် နေထိုင်ပါ့မယ်ဖေဖေ။ ဖေဖေကြီးကိုလည်း သမီးမှာ အပြစ်ရှိခဲ့ရင် ခွင့်လွှတ်ပါလို့ အကြိမ်ကြိမ် ရှိခိုးတောင်းပန်ပါတယ် ဖေဖေ"

'မ' သည် မျက်ရည်ပေါက်ပေါက် စီးကျလာသော်လည်း ငိုသံမပါအောင် ကြိုးစား၍ပြောလိုက်ရင်း ဦးကျော်ဒင်အား လက်အုပ်ချီ၍ ကန်တော့လိုက်သည်။

"သာဓု...သာဓု...သာဓု ငါ့သမီး ချမ်းသာကြီးပွားပါစေ"

'မ' က ရှေ့မှ ကတိပေးလိုက်တော့လည်း အားလုံး မနေနိုင်ကြတော့ပေ။ စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ခုတစ်ကြိမ်တွင် ဦးကျော်ဒင်၏ဆန္ဒကို လွန်ဆန်ရန်မသင့်ကြောင်း အားလုံးက နားလည်ထားကြသည်။

ထို့ကြောင့်လည်း ဒေါ်ခင်မျိုးသန့်ကအစ မော်အထိ သုံးယောက်စလုံးပင် ဦးကျော်ဒင်၏ လိုလားမှုအတိုင်း စည်းစည်းလုံးလုံး သင့်သင့်မြတ်မြတ် ရှိပါစေမည်ဆိုသော ကတိပေးကြသည်။

သည်တော့မှလည်း ဦးကျော်ဒင်၏ မျက်နှာသည် အနည်းငယ် လန်း၍လာသည်။

ဦးကျော်ဒင်သည် ပြောချင်သောစကားကို ပြောပြီး၍ အားလျှော့လိုက်၍လားမသိ။ သို့မဟုတ် မော၍လာသောကြောင့်လား မသိ။ မျက်လုံးမှေး၍ မှိန်းနေတော့သည်။

ဦးကျော်ဒင်က မှိန်းနေဟန်ရှိသော်လည်း အားလုံးက သူ့အနားမှ မခွာနိုင်ကြချေ။ ဦးကျော်ဒင်၏ အရိပ်အခြည်ကိုသာ စိုးရိမ်တကြီး အကဲခတ်၍နေကြသည်။

မွန်ကမူ လက်မှနာရီကိုသာ မကြာခဏကြည့်ရင်း ဆေးထိုးရမည့်အချိန်ကို သတိနှင့် စောင့်နေတတ်သည်။ အခန်းတွင်းရှိ လူအားလုံးကား မလှုပ်မယှက် ငြိမ်သက်လျက်ရှိတော့သည်။

တိတ်ဆိတ်နေသော အခန်း၌ကား တချက်ချက် မြည်နေသော နာရီစက်သံကလွဲ၍ ဘာသံမှမကြားရချေ။

မွန်က လက်မှနာရီကို ကြည့်လိုက်ပြီးလျှင် အပြင်သို့ ထွက်သွား၏။ ခဏကြာလျှင် ဆေးကို အသင့်ထည့်ထားသော ဆေးထိုးအပ်ကိုကိုင်၍ ဝင်လာသည်။ **ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

**"ငါ့မှာ စကားပြောချိန် နာရီပိုင်းလောက်ပဲရှိမယ်။ များများလည်း မပြောနိုင်ဘူး။ ဒီအိမ်ကြီးမှာ မင်းခြယ်လှယ်ချင်သလို ခြယ်လှယ်ခဲ့ပြီးပြီ။ မဖြစ်တန်တာတွေလည်း ဖြစ်ခဲ့ပြီးပြီ။ ငါရှိစဉ်မှာတော့ အကြောင်းမဟုတ်ဘူး။ ငါမရှိခဲ့ရင် ဒီထက် ဒုက္ခရောက်ကုန်မှာ စိုးရတယ်။ ဒီတော့ အားလုံးအတွက် အသင့်မြတ်ဆုံးနဲ့ တရားနည်းလမ်းအကျဆုံး စဉ်းစားပြီးမှလုပ်တာ။ မင်းအတွက် ကားတစ်စီးနဲ့ ဖဲရိုက်စရာငွေရှိရင် တော်ပြီပေါ့။ မွန့်အတွက်တော့ ငါ့သမီးမှာ အိမ်ရှိပြီ။ ကိုယ့်ဆေးတိုက်နဲ့ကိုယ်ထောင်ချင်ရင် ဒီနှစ်သောင်းဆိုတာ လုံလောက်ပါတယ်။ ကံဆိုးတဲ့ ငါ့သမီးနှစ်ယောက်ကို ဖေဖေပိုပေးတာ တရားပါတယ်ကွယ်။ မင်းတို့ ကျေနပ်ကြမှာပါ" ဦးကျော်ဒင်သည် ပြောရင်း မောဟန်ဖြင့် အသာရပ်၍ထားလိုက်သည်။ ပြီးမှ မှိန်း၍နေလိုက်ပြန်သည်။**

# ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၅

ပြည်ထောင်နယ်မြေ နေပြည်တော် ဥတ္တရခရိုင်အတွင်းရှိ တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီက ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက နေပြည်တော်အား Green City၊ Clean City၊ Smart City ဆောင်ရွက်ရာတွင် သန့်ရှင်းသာယာလှပရေးသည် အဓိကကျကြောင်း၊ ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဆေးပေးခန်းများကို စံနမူနာပြဆောင်ရွက်ပြီး ပြည်သူများကို ဦးဆောင်လမ်းပြ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဓိကလမ်းမကြီးများ၏ လမ်းဘေးဝဲ/ယာများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများက မိမိတို့ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ လမ်းဘေးဝဲ/ယာကတ်တုံးများ၊ တံတားများကို ဆေးသုတ်ပေးရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သကဲ့သို့ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ၏ အသိစိတ်ဓာတ်ကို မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ ပတ်ဝန်းကျင် ချစ်စိတ်၊ တန်ဖိုးထားစိတ်မြင့်မားလာအောင် လက်တွဲခေါ် ဆောင်ရွက်ပေးကြရန်နှင့် နေပြည်တော်ကို ပညာရေးမြို့တော်အဖြစ် တည်ဆောက်သွားကြရန် လမ်းညွှန်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းဇော်ထူး၊ တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ ဥတ္တရသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းတို့က ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို Power Point ဖြင့် ဆွေးနွေးတင်ပြခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ဥတ္တရခရိုင် ခေတ္တအုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ ဆွေးနွေးတင်ပြချက်များအပေါ် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေးမြို့နယ် ဖလံချောင်းဝ-ကမ်းနီ-အိုင်ရှည် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ၈၀ ရာခိုင်နှုန်းပြီးစီး

ရေး ဇန်နဝါရီ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ရေးမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းစိန်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက ရေးမြို့နယ် ဖလံချောင်းဝ-ကမ်းနီ-အိုင်ရှည် လမ်းတွင် ကတ္တရာလမ်း တစ်မိုင်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ လမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၆၉ ဒသမ ၁၆၅ သန်းဖြင့် လမ်းအရှည် ခြောက်မိုင်အနက် တစ်မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းမှာ ယခုအခါ ၈၀ရာခိုင်နှုန်းပြီးစီးနေပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# မင်းဘူး(စကု)မြို့နယ်တွင် ဆောင်းကြက်သွန်နီ စိုက်ပျိုးသူများ ဈေးကောင်းရရန်မျှော်လင့်

မင်းဘူး ဇန်နဝါရီ ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ဆောင်းကြက်သွန်နီများ စိုက်ပျိုးပြီး ဈေးကောင်းရရန် မျှော်လင့်နေကြကြောင်း ရွှေတပင်ကျေးရွာ ကြက်သွန်နီစိုက် တောင်သူများထံမှ သိရသည်။

မင်းဘူးမြို့တွင် မိုးကြက်သွန်များ ပေါ်ခါစ တစ်ပိဿာ ငွေကျပ် ၃၅၀၀ ဈေးအထိ ရောင်းရပြီး ပြန်ကျလာပြီး ယခုလက်ရှိအချိန်တွင် ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၂၀၀၀၊ ၂၂၀၀ ရောင်းချနေရသော်လည်း ဈေးကွက်အတွင်း ကြက်သွန်နီ ဝင်ရောက်မှုနည်းပါးလာကြောင်း မင်းဘူးမြို့ ကြက်သွန်ပွဲရုံ ပိုင်ရှင်များထံမှ သိရသည်။

ကြက်သွန်နီ စိုက်ပျိုးရာတွင် ယခင်က မိုးတွင်းကာလများတွင်သာ စိုက်ပျိုးကြသော်လည်း ယခုအခါ မြေအောက်ရေများ အသုံးပြု၍ ရာသီမရွေး စိုက်ပျိုးလာကြသည်။ သို့သော် မိုးတွင်းကာလတွင် ကြက်သွန်နီအဖြစ်များ၍ စိုက်ပျိုးမှုများပြီး ဈေးအကောင်းဆုံးအချိန်သည် မိုးဦးကာလ မေ၊ ဇွန်၊ ဇူလိုင်လများဖြစ်သည်။

ကြက်သွန်နီ စိုက်ပျိုးရာတွင် သွင်းအားစုများပြီး စရိတ်ပိုကာ စက်သုံးဆီဈေး၊ မြေဩဇာဈေး၊ အလုပ်သမားခ၊ ပျိုးပင်ဖိုးများကြောင့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀/၆၀၀ ဖြင့်ရောင်းချပါက စရိတ်စကလောက်သာရရှိကြောင်း ကြက်သွန်နီစိုက် တောင်သူများထံမှ သိရသည်။ ယခု လက်လီဈေး ငွေကျပ် ၂၀၀၀/၂၀၀၀ကျော် ရောင်းရကာ ကြက်သွန်နီ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြသော်လည်း ဆောင်းကြက်သွန်နီများ ပေါ်ချိန်တွင် ဈေးကောင်းရန် မျှော်လင့်နေကြကြောင်း မင်းဘူး (စကု)မြို့နယ် ရွှေတပင်ကျေးရွာ ကြက်သွန်နီစိုက်တောင်သူ ကိုမြစိုးက ပြောသည်။

**ဇေယျာထက်(မင်းဘူး)**

# မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့်အချက်များ(နည်းဥပဒေ ၃၂၁)

မော်တော်ဆိုင်ကယ်မောင်းနှင်သူသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ရမည်။

(ခ) သတ်မှတ်ယာဉ်မောင်းလိုင်စင် ပါရှိရမည်။

(ဂ) မော်တော်ဆိုင်ကယ်၏လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ မောင်းနှင်ရမည်။

(ဃ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ နောက်တွင် လူစီးထိုင်ခုံမပါလျှင် လူပိုမတင်ရ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက်ပိုမတင်ရ။ နောက်ထိုင်ခုံတွင် လိုက်ပါသူသည် မော်တော်ဆိုင်ကယ်ကို ခွစီး၍ ရှေ့သို့မျက်နှာမူလျက် ခြေထောက်ကို မော်တော်ဆိုင်ကယ်၏ တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံပေါ်တွင်တင်၍ စီးရမည်။ ခြေနင်းပေါ်တွင် ခြေတင်စီးရန်မမီသူကို တင်၍မစီးရ။ မော်တော်ဆိုင်ကယ်စီးသူ၏ရှေ့တွင် မည်သူ့ကိုမျှ မတင်ရ။

(င) မော်တော်ဆိုင်ကယ်၏နောက်တွင် ပစ္စည်းများတင်ပါက ထိုပစ္စည်းသည် နောက်ထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်မှ ခြောက်လက်မ (၁၅စင်တီမီတာ) ထက်ပို၍လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ တစ်ပေ (၃၁ စင်တီမီတာ) ထက်ပို၍ လည်းကောင်း အစွန်းထွက်ခြင်း မရှိစေရ။ ထိုပစ္စည်း၏အမြင့်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူ၏ ပခုံးထက်မမြင့်စေရ။ တင်ဆောင်သောပစ္စည်းအလေးချိန်သည် မော်တော်ဆိုင်ကယ် မောင်းနှင်သူက မော်တော်ဆိုင်ကယ်ကို မထိန်းသိမ်းနိုင်လောက်အောင် မလေးစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့်ပစ္စည်းများကို မတင်ရ။

(စ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ရှေ့တွင် မြင်ကွင်းကွယ်နိုင်သည့် မည်သည့်ပစ္စည်းကိုမျှ မတင်ရ။

(ဆ) လမ်းပေါ်တွင် ဖြောင့်တန်းစွာမောင်းနှင်ရမည်။ အခြားမော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် ပြိုင်မမောင်းရ။ အုပ်စုဖွဲ့မမောင်းရ။ အခြားယာဉ်မောင်းနှင်သူများ အနှောင့်အယှက်ဖြစ်စေလောက်အောင် မမောင်းရ။

(ဇ) မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် အသက်အန္တရာယ် ကာကွယ်နိုင်စွမ်းမြင့်မားသော မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းထားရမည်။

(ဈ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူ၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်း မရှိစေရ။

(ည) မော်တော်ဆိုင်ကယ်၏ စက်သံကို ဆူညံအောင်မြှင့်၍ မမောင်းရ။ အသံထိန်းကိရိယာဖြုတ်၍ မမောင်းရ။ ဆူညံသံဖြစ်ပေါ်စေသည့်ကိရိယာ မတပ်ဆင်ရ။

(ဋ) မော်တော်ဆိုင်ကယ်ကို အန္တရာယ်ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်း မပြုရ။

(ဌ) ရှေ့မှမော်တော်ယာဉ်နှင့် အန္တရာယ်ကင်းနိုင်သည့် အကွာအဝေးမှ မောင်းနှင်ရမည်။

(ဍ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ။ နားကြပ် (Ear Phone) အသုံးမပြုရ။

(ဎ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရ။ အမိုးတပ်ဆင်ခြင်းမပြုရ။

(ဏ) မော်တော်ဆိုင်ကယ်ကို လမ်းလယ်မှ မမောင်းနှင်ရ။ လက်ယာဘက်ကပ်၍ မောင်းနှင်ရမည်။ သီးသန့်သတ်မှတ်ထားသော မော်တော်ဆိုင်ကယ်မောင်းနှင်ရန် လမ်းရှိပါက အဆိုပါလမ်းမှ မောင်းနှင်ရမည်။

(တ) ရှေ့မီးအနိမ့်ကို နေ့၊ ညအချိန်တိုင်းတွင်လည်းကောင်း၊ ရှေ့မီးကြီးကို ညအခါ၌လည်းကောင်း ဖွင့်၍မောင်းနှင်ရမည်။ မော်တော်ဆိုင်ကယ်ရှေ့မီးများတွင် နည်းပညာအသုံးပြုထားမှုကြောင့် မီးပြင်းအားသည် အခြားမော်တော်ယာဉ် မောင်းနှင်သူ၏ မြင်ကွင်းကို အနှောင့်အယှက် မဖြစ်စေရ။

(ထ) မော်တော်ဆိုင်ကယ်ပေါ်တွင် တိရစ္ဆာန်တင်ဆောင်မောင်းနှင်ခြင်း မပြုရ။

(ဒ) သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်။

(ဓ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော် လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်း မပြုရ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**




## အလှူတော်ငွေထည့်ဝင်နိုင်ရေး အသိပေးအကြောင်းကြားခြင်း

ရွှေတိဂုံစေတီတော် နောင်တော်ကြီးစေတီတော်၏ အထက်ပစ္စယံစေတီရန်များအား ၂၀၁၆–၂၀၁၇ ခုနှစ်တွင် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခဲ့ပါသည်။ ယခုအခါ(၅) နှစ်သက်တမ်း ကျော်လွန်နေပြီဖြစ်ပါသဖြင့် ၂၀၂၃–၂၀၂၄ ခုနှစ်တွင် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စေတီရန်များ၏ ယခင်လှူဒါန်းခဲ့သော အလှူရှင်များအနေဖြင့် ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဖုန်း–၀၁–၈၃၈၃၅၁၂**

## ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ၂"x ၂"အရွယ် ရွှေရာဆိုင်း(၂၄,၀၀၀) ဝယ်ယူရန် ဈေးပြိုင်ကြော်ငြာစာ

၁။ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ၂၀၂၃ ခုနှစ်အတွင်း ရွှေချလုပ်ငန်းများတွင် အသုံးပြုရန် ၂" x ၂"အရွယ် ရွှေရာဆိုင်း စက်မှုရွှေ(၁၀၀၀၀)ဆိုင်းနှင့် မြန်မာ့ရိုးရာလက်မှုရွှေရာဆိုင်း(၁၄၀၀၀) ဆိုင်းကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ဝယ်ယူပါမည်။

၂။ ရွှေဆိုင်းရောင်းချလိုသူများအနေဖြင့် ဈေးပြိုင်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀,၀၀၀/– နှုန်းဖြင့် (၂၃–၁–၂၀၂၃ နေ့မှ ၂၇–၁–၂၀၂၃နေ့အထိ) ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ မြန်မာ့ရိုးရာလက်မှုရွှေဆိုင်း တင်ဒါဖွင့်ဖောက်ရွေးချယ်ခြင်းကို ၁၄–၂–၂၀၂၃ (အင်္ဂါနေ့)၊ မွန်းလွဲ(၁၃:၀၀)နာရီတွင် ရင်ပြင်တော်တောင်ဘက်၊ ရေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ပြုလုပ်ပါမည်။

၄။ စက်မှုရွှေဆိုင်း တင်ဒါဖွင့်ဖောက်ရွေးချယ်ခြင်းကို ၁၄–၂–၂၀၂၃ (အင်္ဂါနေ့)၊ ညနေ(၁၅:၀၀)နာရီတွင် ရင်ပြင်တော်တောင်ဘက်၊ ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ပြုလုပ်ပါမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ်(၀၁–၈၃၈၃၅၁၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

ကလေးနာမည်ပေးဆရာကြီး

**ရာဇာဇော်ဝင်း**
(LL.B.) (WIPO,DL-101 Switzerland)
01-399426, 01-394727, 09-73009994, 09-5152521
တိုက်အမှတ် (၉)၃ထပ်၊ ၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

## အရောင်းအဝယ်စရန်ပေးစာချုပ်အား ဖျက်သိမ်းခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ၊ အမှတ် ၁ B-Star Villa၊ အကျယ်အဝန်း(၆၄၀၀)စတုရန်းပေရှိ လုံးချင်းအိမ်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကြယ်စင်အိမ်ရာစီမံကိန်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးဉာဏ်သစ်လှိုင်[၁၂/လမတ(နိုင်)၀၁၆၃၂၁]နှင့် ဒေါ်သန်းသန်းခိုင်[၁၂/ဗတထ(နိုင်)၀၀၀၅၅၇] တို့ထံမှ ဒေါ်မေသူကျော်[၁၂/ဥကတ(နိုင်)၀၀၁၄၃၁]၊ အခန်းအမှတ်(၂၂၁၀)၊ (Crystal Residence၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့နေသူက (၁၁–၁–၂၀၂၃)ရက်စွဲပါ"နှစ်ဦးသဘောတူ လုံးချင်းအိမ်နှင့် မြေကွက် အရောင်းအဝယ်စရန်ပေးစာချုပ်"ဖြင့် ဝယ်ယူခဲ့ပြီး ငွေပေးချေရန် အခက်အခဲကြောင့် ဆက်လက်ဝယ်ယူရန် ဆန္ဒမရှိတော့ပါသဖြင့် ယခုဝယ်ယူထားသော အရောင်းအဝယ်စရန်ပေး စာချုပ်အား နှစ်ဦးသဘောတူဖျက်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၁၉၆)**
**ဖုန်း–၀၉–၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၅၁၅)**
**ဖုန်း–၀၉–၂၅၄၄၈၈၃၃၀**

**အမှတ်(၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**

# နတ်တလင်းခရိုင်အတွင်းရှိ ကျေးရွာ ၃၈ ရွာ၌ ကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**နတ်တလင်း ဇန်နဝါရီ ၁၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင်အတွင်းရှိ ကျေးရွာ ရှစ်ရွာ၌ ကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ဈေးကွက်သို့လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်စေရန်နှင့် ကျေးရွာ ၃၀ ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် ရည်ရွယ်၍ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေတို့ဖြင့် ကျေးလက်ကုန်ထုတ်လမ်း ရှစ်လမ်း၊ တံတား ၁၉ စင်းနှင့် ရေပေးရေးလုပ်ငန်း အခု ၃၀ တို့ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နတ်တလင်းခရိုင်အတွင်းရှိ ကျေးရွာ ရှစ်ရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၃၉ ဒသမ ၀၅၄၅ သန်းနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၄၂ ဒသမ ၅ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၄၈၁ ဒသမ ၅၅၄၅ သန်းဖြင့်လည်းကောင်း၊ ကျေးရွာ ၃၀ ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၃၄ ဒသမ ၆၁၆၉ သန်းနှင့် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၉၃ ဒသမ ၅၀၈၈ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၆၂၈ ဒသမ ၁၂၅၇ သန်းတို့ဖြင့်လည်းကောင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း နတ်တလင်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ပြောသည်။

ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာ ရှစ်ရွာရှိ အိမ်ထောင်စု ၃၉၃၄ စု၊ လူဦးရေ ၁၄၂၉၆ ဦးတို့နှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာ ၃၀ ရှိ အိမ်ထောင်စု ၂၉၈၃ အိမ်၊ လူဦးရေ ၁၈၄၀၅ ဦးတို့ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**သုတ**

**စာစာအိပ်လို့**
**စာစာထလို့**
**စာစာ**
**လမ်းလျှောက်**
**ကြပါစို့**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြော်ငြာစာ

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဆွေ(ဘ)ဦးတင့်ဆွေ၊ မှတ်ပုံတင်အမှတ်–(၁၂/မဂတ(နိုင်)၀၅၇၄၃၀)ကိုင်ဆောင်သူမှ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၀၃၉၀၃၃၅၁)အားလွှဲအပ်ထားသည့်(၁၆–၈–၂၀၂၂)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၃၈၇/၂၀၂၂)ကို ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍အပြီးအပိုင်ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်ထွန်း
LL.B.,LL.M.
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၁၆၃)

### ❒ နှစ်ပွဲဆက်အနိုင်ရခဲ့သည့်မှ

မစ်ဒယ်ဝိတ်တန်းတစ်ခုတည်းသာ ထိုးသတ်နေသူဖြစ်ပြီး ချန်ပီယံခါးပတ်စိန်ခေါ်ခွင့်ရရန် ပြန်လည်ကြိုးစားလျက်ရှိသည်။ အောင်လအန်ဆန်သည် ချန်ပီယံခါးပတ်လက်လွှတ်ခဲ့ရပြီးနောက် ၂၀၂၂ ခုနှစ်တွင် ပထမအကြိမ် အခွင့်အရေးရခဲ့သော်လည်း အဆုံးအဖြတ်ပွဲတွင် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်ကို အရေးနိမ့်ခဲ့သဖြင့် ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ သို့သော် အောင်လအန်ဆန်သည် ချန်ပီယံခါးပတ်ကို ပြန်လည်စိန်ခေါ်နိုင်ရန် ဒုတိယအကြိမ် ကြိုးပမ်းလျက်ရှိပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်က ထိုးသတ်သည့်ပွဲတွင် ဂျပန်နိုင်ငံသား အိုကာမီ၊ ယခုနှစ် ဇန်နဝါရီ ၁၄ ရက်က ထိုးသတ်သည့်ပွဲတွင် ဘရာဇီးနိုင်ငံသား ဂယ်လ်ဗိုတို့ကို ပထမအချီမှာပင် အလဲထိုးအနိုင်ရထားသည်။ ထို့ကြောင့် ONE Championship က အခွင့်အရေးပေးပါက အောင်လအန်ဆန်အနေဖြင့် လာမည့်ပွဲတွင် ချန်ပီယံလုပွဲ ထိုးသတ်ခွင့်ရနိုင်သလို နောက်ထပ် စိန်ခေါ်ပွဲ တစ်ပွဲ သို့မဟုတ် နှစ်ပွဲထိုးသတ်ပြီးမှလည်း စိန်ခေါ်ခွင့် ရနိုင်ဖွယ်ရှိနေသည်။

အောင်လအန်ဆန်သည် MMA ကစားသမားဘဝ ပွဲစုစုပေါင်း ၄၃ ပွဲ ထိုးသတ်ထားရာ ၂၉ ပွဲနိုင်၊ ၁၃ ပွဲရှုံးနိမ့်ထားပြီး တစ်ပွဲကိုမှ အရှုံးအနိုင် သတ်မှတ်ခြင်းမရှိပေ။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ကာလအတန်ကြာရပ်တည်နိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလက ထိုးသတ်သည့်ပွဲတွင် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါကို အရေးနိမ့်ပြီး ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ– ONE**

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်း မရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(၂) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၈) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအားလိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၁၉ ဆူ | ၂၀၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၉ ခန်း | ၃၈၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၆ ခု | ၅၂၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၈ ကျင်း | ၂၀၅၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၅၃၂၈ သိန်း | ၁၇၂၃၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၁၁၇. ၆၅ ကျင်း) | ၄. ၇၀ | ၁၁၇. ၆၅ | - | ၁၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၁၇. ၀၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၄၆၆. ၁၂ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၆၅၈. ၃၄ | ၁ | - | ၁ |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၃၁၂ စုံ | ၁၈၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၇)၊ နဝရတ်လမ်း၊ မြေကွက်အမှတ်(၈၇)ဟုခေါ်တွင်သော အလျား(၄၀)ပေxအနံ(၆၀)ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ (၀.၀၅၅)ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ နှစ်(၆၀)ဂရန်အမည်ပေါက် ဒေါ်သန်းသန်းထွေး[၁၂/မဂဒ(နိုင်)၀၁၃၆၄၄]မှ တရားဝင်ပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဈာန်(LL.B)**
**(စဉ်–၅၀၄၈၂) အထက်တန်းရှေ့နေ**
**ဖုန်း–၀၉–၄၄၄၄၂၁၅၄၄**
**အမှတ်(၁၆၉/က)၊ မကွေး(၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သဲဖြူချောင်းကျေးရွာ၊ သဲဖြူချောင်းလမ်း၊ အမှတ်(၇)၊ အလျား (၂၀) ပေ x အနံ (၆၀) ပေရှိ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်အဆက်စပ်ဖြင့် နေထိုင်လာခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်စန်းရင် [၁၂ /သလန(နိုင် ) ၀၄၉၆၄၂]မှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစိုးလှိုင်[၁၂ /သကတ(နိုင်)၁၀၂၈၂၇ ]ထံသို့ ဝယ်ယူရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေအဖြစ် တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အိမ်ခြံမြေ အပြီးအပိုင်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးလှိုင်၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မင်းမင်းစိုး (LL.B) အထက်တန်းရှေ့နေ (စဉ်–၄၀၈၄၁)**
**ရုံးခန်း – ရှေ့နေများရုံးခန်း၊ သန်လျင်ခရိုင်တရားရုံးရှေ့၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09–692259457, 09–750111095, dawminminsoelawyer@gmail.com**

## ကန့်ကွက်နိုင်သည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက် အမှတ်(၁၃၄၂)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဒေါ်တင်မြင့် အမည်ပေါက် မြေကွက်ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားသူ ဦးဇော်မျိုးထက်[၁၂/လမတ(နိုင်)၀၃၃၃၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်မင်းသူ [၁၂/ကတတ(နိုင်)၀၃၁၂၄၄]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိုကန့်ကွက်လိုသူများသည် ဤကြော်ငြာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးစိုးဟန်(LL.B)** | **ဒေါ်ထူးထူးမြတ်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၅၈၁၂)(၁၇–၁၂–၁၉၉၁)** | **(စဉ်–၁၂၅၃၆)(၁၆–၅–၂၀၁၇)** |

**အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြကွက်သစ်၊**
**သန်လျင်မြို့။ Ph:09–250033490, 09–443169412**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ အမှတ်(၁၈)၊ ဦးဖိုးလမ်း၊ (၂)ခန်းတွဲ (၇)ထပ်တိုက် ကန်ထရိုက်တိုက်၏ ပထမထပ်၊ ခေါင်းရင်းခန်းတိုက်ခန်းကို အရောင်းအဝယ်စာချုပ် အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်အောင်ကို[၁၄/ဓနဖ(နိုင်)၀၉၀၁၉၄]+ဒေါ်ချိုမာဦး[၁၄/ဓနဖ(နိုင်)၀၀၆၂၂၉]က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေများ ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင် တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ် ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ဒေါ်မာလာရွှေ**
**[၉/အမရ(နိုင်)၀၈၆၈၅၅]**
**Ph:09–420117687, 09–455873638**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၇) ရပ်ကွက်၊ သုနန္ဒာ(၃)လမ်း၊ အမှတ်(၄၇၄/ခ)၊ ဧရိယာ(၂၀x၆၀) ပေရှိ မြေကွက်နှင့်အိမ်အား လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချခွင့် ရှိသူဟု အဆိုပြုသူ ဦးသိုက်ထွန်း (LPA–148772)ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးထွန်းကြွယ်ဝင်း [၁၂/သကတ(နိုင်) ၀၂၀၅ ၇၄]ကိုင်ဆောင်သူမှ (၁၄–၂–၂၀၁၅)ရက်နေ့ကတည်းက ငွေအပြေ အကျေပေးချေပြီး ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ပြီးဖြစ်၍ အဆိုပါ အိမ်ခြံမြေအား ကျွန်ုပ်မိတ်ဆွေ၏သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ အမည်ပေါက် ပြောင်းလဲခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများ မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြေးမုံမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၇၆၆)**
**ဖုန်း–၀၉–၄၂၀၂၂၀၈၀၂**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်သန်း(စစ်တွေ)

## သမဦးစီး(ငြိမ်း)

## အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဦးကျော်သန်း သည် ၁၀-၁-၂၀၂၃ (အင်္ဂါနေ့) ည ၉:၄၀ နာရီ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ သုနန္ဒာ(၁၂)လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(ဆ)၊ မြေကွက်အမှတ်(၁၉၉)ဟုခေါ်တွင်သောမြေကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးဇော်မင်း (ALE–000623)၊ ဒေါ်ရင်ဇ(TRY–045242)တို့မှ အမည်ပေါက်ရောက်ပိုင်ဆိုင်ထားပြီး၊ နှစ်(၆၀)မြေငှားဂရန်၊ အလျား(၄၀ပေ) x အနံ(၆၀)ပေ၊ ဧရိယာစတုရန်းပေ(၂၄၀၀)အကျယ် အဝန်းရှိမြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော အလျား(၂၀ပေ) x အနံ(၆၀)ပေ၊ ဧရိယာ စတုရန်းပေ(၁၂၀၀)အကျယ်အဝန်းရှိ ခြေရင်းခြမ်း၊ (၂)ထပ်၊ ပျဉ်ထောင်အိမ်ပါဝင်သော မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုယခုအပိုင်ရောင်းချ သူဦးသက်နိုင်တိုး[၁၂/ဥကမ(နိုင်)၁၅၄၅၀၂]ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်အဆက် စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ကျွန်ုပ်မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်း အဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါ သဖြင့်ယင်းမြေကွက်နှင့်ပတ်သက်၍ကန့်ကွက်လိုပါကပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါကအဆိုပါမြေနှင့်ပတ်သက်သောအရောင်းအဝယ်ကိစ္စရပ်အားဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးစိုးလှထွန်း[၁၂/ဥကတ(နိုင်)၀၁၂၄၅၆]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL–101(WIPO Switzerland)**
**“ရာမည”Legal Services**
**(ဥပဒေရေးရာအတိုင်ပင်ခံနှင့် အကြံပေးဝန်ဆောင်မှုလုပ်ငန်း)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊ အဓိပတိအင်အားမီနီကွန်ဒို၊**
**သုခမွှာလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ရုံးဖုန်း–09–260087755, 09–421123477, E–mail: yarmanyalegalservices21@gmail.com**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မင်းရဲကျော်စွာလမ်းနှင့် ပင်းယလမ်းထောင့်၊ အမှတ်(၄၇၀)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေကွက်နှင့်ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၃၂)၊ မင်းရဲကျော်စွာကျောကပ်လမ်းနှင့် ပင်းယလမ်းထောင့်၊ အမှတ်(၄၇၁)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်အပါအဝင်အကျိုးခံ စားခွင့်များအားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံ ကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးသန့်ဇင် [၁၂/ရကန(နိုင်)၀၁၆၀၅၄]နှင့် ဒေါ်ခင်ညွန့် [၁၂/စခန(နိုင်)၁၂၄၃၈၂](ISN–၁၂၃၄၅၈)တို့အမည်ပေါက်** ပါမစ်မြေကွက်(၂) ကွက်အဖြစ် တည်ရှိပြီး **ဦးလှမျိုးနိုင် [၈/မကန(နိုင်)၁၂၈၇၉၃]**မှ စာချုပ်အဆက် စပ်ဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုလျက် **အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်း ရာ** ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ် သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင် သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးချမ်းမွန်(LL.B)(စဉ်–၁၆၄၄၇) တရားလွှတ်တော်ရှေ့နေ**
**အခန်း(၄၀၆)၊ သုနန္ဒာ(၁၀)လမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၀၂၅၈၉၈၂၃**

## "သားအဖြစ်မှအမွေပြတ်"စွန့်လွှတ်ကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဘယသကြံ့်နံလမ်း၊ အမှတ်–၆၆၇ နေ ဒေါ်တင်တင်နွယ်[၁၂/ဗဟန(နိုင်)၀၉၂၉၉၅]၏သား မောင်ငြိမ်းချမ်းဦး(ခ)ကျော်သူ[၁၂/မဂတ (နိုင်)၁၀၉၁၃၁]သည် မိခင်၏ဆိုဆုံးမမှုကိုနားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအား တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင်–ဒေါ်တင်တင်နွယ်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ရပ်ကွက်၊ ရွှေပြည်စိုးလမ်း၊ အမှတ်–၈၅/၁နေ ဦးဇော်ဝင်း–ဒေါ်စန်းစန်းအေးတို့၏သား ခွန်ထက်လွန်းပြည့်ဇော်[၁၂/ဥကတ(နိုင်)၁၈၁၃၈၅]သည် မိဘ သွန်သင်ဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ–ဦးဇော်ဝင်း–ဒေါ်စန်းစန်းအေး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ဆန်းဆန်း

**Group Treasurer Max Myanmar Holding Co.,Ltd**

## အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊ အမှတ်(၁၃၁)၊ Golden Oak Condo(2) 3–C နေ (ဦးထွန်းရွှေ–ဒေါ်ညွန့်ညွန့်)တို့၏သမီး (ဦးအောင်မြင့်)၊ (ဦးထွန်းထွန်း–ဒေါ်စုစု)၊ (ဦးတင်ဝင်း)–ဒေါ်မို့မို့၊ (ဦးတင်မြင့်)–ဒေါ်ချိုချို၊ (ဦးလှမြင့်)–ဒေါ်မိုးသီတာ၊ ဦးအောင်မော်လွင်–ဒေါ်မြင့်မြင့်သန်း၊ ဦးတင်မောင်ထွန်း–ဒေါ်ထားထားတို့၏ညီမ၊ ဦးဝင်းမြင့်၊ ဒေါ်ဝါဝါလွင်၊ ဦးဝင်းလှိုင်ဦး–ဒေါ်စိုးစိုးတို့၏အစ်မ၊ တူ/တူမ(၁၂)ယောက်တို့၏အဒေါ် ဒေါ်ဆန်းဆန်းသည် ၁၄–၁–၂၀၂၃(စနေနေ့) ည(၁၀:၄၀)နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၆–၁–၂၀၂၃(တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀–၁–၂၀၂၃ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေး၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**“စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ မင်းကျောင်းကျေးရွာအုပ်စု၊ အမှတ်(၁၀)၊ သူဇာရပ်ကွက်၊ ဦးပိုင်အမှတ်–က/၁၄၆၊ မြို့တိုးချဲ့ကွက်သစ်၊ ကွင်းအမှတ်– ၂၈၁၀၊ အကျယ်အဝန်း (၀. ၀၆၄)ဧကရှိ ဦးလှတင် အမည်ပေါက် (၁၀)နှစ်သက်တမ်း မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း”**

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ထံမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဦးဝင်းမောင်ဦး [၅/ဝလန(နိုင်)၁၁၃၂၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသက်ကိုထွန်း [၅/ခဥန(နိုင်)၁၀၉၀၁၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသက်ကိုထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝင်းဝင်းခိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၁၇)**
**အမှတ် (၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၃၀၆၅၉၃၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ထောက်ကြန့်တိုးချဲ့–(၃)၊ မြခွာညိုလမ်း၊ မြေကွက်အမှတ်(၂၁၄) ဟုခေါ်တွင်သော ပေ(၂၅x၅၀) အကျယ်အဝန်းရှိ ဒေါ်ခင်စန္ဒာမြင့်[၁၂/မရက(နိုင်)၁၁၈၃၇၀]နှင့် ဦးထွန်းလင်းအောင် [၇/ဝမန(နိုင်)၁၀၈၀၀၁]တို့၏ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု ပြောဆိုလာသူ ဒေါ်မျိုးသီတာထွန်း[၁၀/မလမ(နိုင်)၁၀၀၃၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက် စာတမ်း(မူရင်း)အထောက်အထားအပြည့်အစုံဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နုနုလွင်(LL.B) အထက်တန်းရှေ့နေ(စဉ်–၄၅၉၈၅)**
**အမှတ်(၄၉၃)၊ အခန်း(၁)၊ ပထမထပ်၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၈၀၃၄၆၈၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အောင်မေတ္တာ(၁)လမ်း၊ အမှတ်(၃၇)၊ (၅)လွှာ၊ ဒါဘာခြေရင်းခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးတင်ထွန်းလွင်[၁၂/ကမရ(နိုင်)၀၂၆၇၇၀]ထံမှ ကျွန်မ ဒေါ်မိုးမိုးမြင့်[၁၂/မရက(နိုင်) ၁၆၅၀၆၂]သည် အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်မ ဒေါ်မိုးမိုးမြင့်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးမြင့်**
**Ph:09–250415172**

## ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ် (၁၄၃၁)နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြေကွက်အမှတ်(၁၄၃၁)၊ ဒဂုံသီရိလမ်းနှင့် ဇေယျာရွှေမြေလမ်းထောင့်၌ အကျယ်(၄၀'x၆၀')ခန့်ရှိ မြေကွက်ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ နေထိုင်ခွင့်လက်မှတ်–၃၈(၁၄–၇–၉၄)အရ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်(မြေချပါမစ်)မူရင်းအား ဒေါ်စိန်စိန်မြင့် [၁၂/ရကန(နိုင်)၀၄၄၀၃၆]သို့ တရားဝင်ချထားပေးပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက မည်သူမဆို တရားဝင်စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လူကိုယ်တိုင်ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိန်စိန်မြင့်၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဘမော်**
**(B.Sc,R.L,D.A,D.M.A,D.B.L,D.A.Psy)W.I.P.O.(D.L.101)(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၁၂၈)**
**တိုက်(L)၊ အခန်း(၁၀၄)၊ မနော်ဟရီရိပ်သာ၊ ဗဟိုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၂၇၁၀၄**

ရတနာ
သစ်တော
ပြည့်သွေးကြော
သစ်တော
ရတနာ
ထိန်းသိမ်းပါ



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❖ **မိမိတာဝန်ယူချိန်ကာလအတွင်း အခြေခံပညာကျောင်းများတွင် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုဆိုင်ရာပညာရပ်များ သင်ကြားနိုင်ရန်အတွက် ခရိုင်တစ်ခုတွင် တစ်ကျောင်းဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိ...**

❖ **စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်မှသာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်သည့်လူသားအရင်းအမြစ်များ ရရှိလာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအားတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် လူထုအခမ်းအနားနှင့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်အားပေး

လွိုင်ကော် ဇန်နဝါရီ ၁၅

(၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် လူထုအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြည်နယ်ခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးစောထွန်းအောင်မြင့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူတစ်ဦးအား ဆုချီးမြှင့်အပ်နှင်းစဉ်။

**အလေးပြု**

ရှေးဦးစွာ ကယားပြည်နယ်နေ့ အထိမ်းအမှတ် လူထုအခမ်းအနားသို့ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများကို အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က ဖတ်ကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

## နှစ်ပွဲဆက်အနိုင်ရခဲ့သည့် အောင်လအန်ဆန် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုပြန်လည်စိန်ခေါ်ခွင့်ရရန် နီးစပ်လာ




ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာ MMA ဖိုက်တာ အောင်လအန်ဆန်က ပြီးခဲ့သည့်နှစ်ကုန်ပိုင်းနှင့် ယခုနှစ်ဆန်းပိုင်းတွင် ထိုးသတ်သည့် နှစ်ပွဲဆက်တိုက်အနိုင်ရပြီးနောက် ONE မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ပြန်လည်စိန်ခေါ်ခွင့်ရရန် နီးစပ်လာခဲ့သည်။

ONE မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း အောင်လအန်ဆန်က ချန်ပီယံခါးပတ် နှစ်ခု လက်လွှတ်ရပြီးနောက်ပိုင်း

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❒

**ယနေ့** ဖတ်စရာ



**နီပေါနိုင်ငံ၌ ခရီးသည်တင် လေယာဉ်တစ်စင်း ပျက်ကျ၊ အနည်းဆုံး ၆၇ ဦး သေဆုံး**

စာမျက်နှာ » ၁၃

**KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားပြုလုပ်နေသည့် ပြည်နယ်ခန်းမနေရာသို့ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ ပြည်သူတစ်ဦးသေဆုံး၊ ကျောင်းသား ကျောင်းသူ ကလေးငယ်များ အပါအဝင် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရ**

စာမျက်နှာ » ၁၅